www.burmeseclassic.com

# ပဒိုမာ အောက်လမ်း

BURMESE CLASSIC .com



ပန်းကြိုးပွင့်
စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

**မအိုစာ**

စာတိုက်သေတ္တာအမှတ် (၁၉၇)

ရန်ကုန်မြို့။

အကြံပြုစာ ရေးသားပေးပို့သူ ဝရိသတ်အားလုံးကို
လက်မှတ်ထိုးထားသောစာအုပ်လက်ဆောင်များ
ပြန်လည်ပေးပို့လျက်ရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

# မအိုစာ

## အောက်လမ်း (ပထမပိုင်း)

ထုတ်ဝေသူ - ဦးကျော်ဆန်း (ရဲဘော်ကျော်ဆန်း)
(မြ-၀၉၃၂) ရဲအောင်စာပေတိုက်
အမှတ် (၂)၊ ချွန်းလမ်း (၁)၊
မင်္ဂလာတောင်ညွန့်မြို့နယ်။
အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးဖေမျိုးဦး (အောင်မြင့်မိုရ်ပုံနှိပ်တိုက်)
(၁၂၉၉)၊ အောင်သုခ ၂၇-လမ်း၊
၆-ရပ်ကွက်၊ သာကေတ၊ ရန်ကုန်မြို့။
ထုတ်ဝေခြင်း - ပထမအကြိမ်
၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀၀ ကျပ်
ဖြန့်ချိရေး - ရွှေမင်းသမီးစာပေ၊
ဖုန်း - ၀၉၄၃၀၃၃၁၅၂၊ ၀၁-၄၀၀၆၇၄

၈၉၅-၈၃
မအိုစာ
အောက်လမ်း (ပထမပိုင်း) / မအိုစာ - ရန်ကုန် ။
ရဲအောင်စာပေ၊ ၂၀၁၃
၁၆၀ စာ၊ ၁၃. ၂၁ × ၂၀. ၈၃ စင်တီ၊
(၁) အောက်လမ်း (ပထမပိုင်း)

BURMESE CLASSIC .com

# အောက်လမ်း

## (ပထမပိုင်း)

## မအိုစာ

www.burmeseclassic.com

www.burmeseclassic.com

## ထွက်ရှိပြီးစာအုပ်များ


၁။ ခေါ်စာပစ်တဲ့ည
၂။ မလှစုန်းယိုး
၃။ အရှင်လတ်လတ်
၄။ ကနားစီးဒေဝါ
၅။ ခေါင်းတလားရာဇာ
၆။ နတ်ကဝေမယ်
၇။ ပျဉ်ထောင်ကတော်နတ်
၈။ ပုဏ္ဏပျံစံအိမ်
၉။ ခုတင်နံပါတ် ၃၁
၁၀။ ဘုံစာကျွေးတဲ့နေ့
၁၁။ နတ်ကျားဝိညာဉ်
၁၂။ မာတင်
၁၃။ ဘီလူးနက္ခတ်
၁၄။ မိုးကြိုးအလောင်း
၁၅။ နှစ်ဘဝရှေ့သိုက်
၁၆။ မိုးနတ်ဒေဝီ
၁၇။ ကျိန်
၁၈။ မရဏစာရွက်
၁၉။ မိစ္ဆာအိုး
၂၀။ လေးကျွန်းမှော်
၂၁။ ရဲမက်တစ္ဆေ


BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

၂၂။ ရွှေတောင်ရွှာသူ မချမ်းသာ
၂၃။ ပတ္တမြားဝိညာဉ်
၂၄။ မိမိလေး
၂၅။ နှစ်တစ်ရာဂူသင်္ချိုင်း
၂၆။ နတ်ကိုးကြိမ်
၂၇။ ဝိညာဉ်မှတ်တမ်း
၂၈။ ရွှေမျက်နှာရှင်သခင်မ
၂၉။ အလောင်းကောင်
၃၀။ မီးစုန်း
၃၁။ အဆောင် ၈
၃၂။ ကျမ်းစူး
၃၃။ ဟိုင်းဝေးတစ္ဆေ
၃၄။ သွေးစုပ်သူရဲယောင်မယ်
၃၅။ အမေကိုစားတဲ့သမီး

ယခု

**အောက်လမ်း (ပထမပိုင်း)**

BURMESE CLASSIC .com

# အပိုင်း (၁)

www.burmeseclassic.com

www.burmeseclassic.com

“ဘာ ... အမေ ဘာပြောလိုက်တယ်၊

မိုးယံကို မိန်းမပေးစားတော့မယ် ဟုတ်လား၊

ဘယ်လိုအတွေးနဲ့များ ဆုံးဖြတ်လိုက်တာလဲ

အမေ၊

www.burmeseclassic.com

www.burmeseclassic.com



ဒါ ဘယ်လိုမှ မဖြစ်သင့်တဲ့ကိစ္စပဲ၊

ဒီကိစ္စကို ကျွန်မ လုံးဝလက်မခံဘူး၊

အမြန်ဆုံး ပြန်လာခဲ့မယ်၊

ဒါပဲ အမေ"

ရွှေဘုံစံတစ်ယောက် ဟန်းဖုန်းကို ပိတ်လိုက်ရင်း ဒေါသတကြီး တောက်ခေါက်လိုက်တယ်။

ဒါကို မြင်တွေ့သွားတဲ့ အလတ်ကောင် ရွှေမင်းဂံက...

"ဘာတွေ ဒေါသထွက်နေတာလဲ အစ်မ၊

အမေ ဘာပြောလို့လဲ"

လို့ ဖုန်းနဲ့ သီချင်းနားထောင်နေရာက နားကြပ်ကို ဖြုတ်ရင်း မေးလိုက်တယ်။

ရွှေဘုံစံက ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း ...

"မဖြစ်သင့်တဲ့ကိစ္စကို အမေ လုပ်နေတာ၊

မဖြစ်ဘူး ... ဖြစ်ဘူး ရွှေမင်းဂံ၊

ငါတို့ မြန်မာပြည်ကို ...



အမြန်ဆုံး ပြန်မှဖြစ်မယ်၊

နင် လေယာဉ်လက်မှတ်

အမြန်စီစဉ်စမ်း"

လို့ ပြောလိုက်တယ်။

"ဟာ ... အစ်မကလည်းဗျာ၊

စင်ကာပူရောက်တာမှ ...

တစ်လမပြည့်သေးဘူး၊

မပြန်ချင်သေးဘူး အစ်မရာ၊

နေချင်သေးတယ်"

ရွှေဘုံစံက သူ့ကို ဆတ်ခနဲ လှည့်ကြည့်လိုက်တယ်။

"လျှာမရှည်နဲ့ ရွှေမင်းဂံ၊

ငါက ဒါဆို ဒါပဲ ...

နင်လုပ်ရမယ်၊ ဒီကို

ဘယ်အချိန် ပြန်လာလာရတယ်၊

အခု ... ပြန်ဖို့ စီစဉ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒါပဲ"

အစ်မဖြစ်သူရဲ့စကားကြောင့် ရွှေမင်းဂံတစ်ယောက် ထိုင်ရာက ထရပ်လိုက်ရင်း ...

"ကျွတ် ... အစ်မတို့က

ဘာတွေလဲဗျာ၊

သိပ်စိတ်ပျက်ဖို့ ကောင်းတယ်၊

ရတယ်၊ အခုပဲ လက်မှတ်စီစဉ်ပေးမယ်"

လို့ ပြောဆိုပြီး အခန်းပြင်ကို ထွက်သွားတယ်။

ရွှေဘုံစံဟာ စိတ်လှုပ်ရှားဟန်နဲ့ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေရာက ဆိုဖာပေါ် ဆတ်ခနဲ ထိုင်ချလိုက်တယ်။

"ရွှေမိုးယံ မိန်းမ,ယူလို့မဖြစ်ဘူး၊

ဟုတ်တယ်၊

ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊

ငါ လုပ်သမျှအားလုံး

သဲထဲရေသွန်ဖြစ်တော့တယ်၊



ဟုတ်တယ် ... ရွှေမိုးယံရဲ့မင်္ဂလာကိစ္စကို၊

ငါ ရအောင်တားရမယ်၊

တွေ့ကြသေးတာပေါ့ ... အမေနဲ့ကျွန်မ

ကောင်းကောင်းကြီး တွေ့ပြီပဲ"

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂)

**နယ်မြို့လေးတစ်မြို့ရှိ** ပျဉ်ထောင်အိမ်လေး အတွင်းမှာ စားသောက်ဖွယ်ရာတွေ ပြင်ဆင်ရင်း အမျိုးသမီး တစ်စုဟာ လှုပ်လှုပ်ရှားရှား ရှိနေကြတယ်။

"စားတော်စာတွေ စုံပြီလားဟေ့၊

www.burmeseclassic.com

www.burmeseclassic.com



ဘာမှလိုအပ်ချက် မရှိစေနဲ့နော်၊

သန့်ရှင်းသပ်ရပ်မှုလည်း ရှိပါစေအေ့"

ရင်ဘတ်မှာ ပဝါအနီရောက်စည်းထားတဲ့ ကနားစီးညွန့်ညွန့်က အသံစာစာလေးနဲ့ လှမ်းပြောလိုက်တယ်။

"စုံပါပြီ ညွန့်ညွန့်ရယ်၊

တို့တွေက ဝါဝင်ဝါထွက်ချိန်တိုင်း

ညွန့်ညွန့်နဲ့ပဲ ရိုးရာကန်တော့နေကျလေ၊

အားလုံး အလွတ်ရနေပြီ၊ ဘာမှမပူနဲ့နော်"

ဒေါ်ရင်မေက ကနားစီးညွန့်ညွန့်ကို လှမ်းပြောပြီး ...

"သမီးရေ ... သမီးပန်းသပြေ၊

နင် မပြီးသေးဘူးလား ရေချိုးတာ၊

ဒီမှာ ကန်တော့တော့မှာ သမီးရဲ့"

လို့ အိပ်ခန်းထဲကို လှမ်းပြောလိုက်တယ်။

"ပြီးပါပြီ အမေရဲ့၊

ဒီမှာ ခေါင်းဖြီးနေလို့ပါ၊



လာပြီ အမေ ... လာပြီ"

ခပ်နွမ်းနွမ်း မြန်မာဝတ်စုံလေးနဲ့ တံကောက်ကွေးထိရှည်တဲ့ ဆံပင်ကြီးကို ကျစ်ဆံမြီးကျစ်ထားတဲ့ ပန်းသပြေ။

စားပွဲရှိရာ လျှောက်သွားပြီး ကျုံ့ကျုံ့လေးထိုင်လိုက်တယ်။

ကနားစီးညွန့်ညွန့်က ပန်းသပြေကိုကြည့်ပြီး ...

"အမယ်လေးနော် ... မရင်မေတို့များ

ကံကောင်းလိုက်တာ၊

တော့်သမီးက ဘယ်အချိန်ကြည့်ကြည့်

ကျက်သရေကို ရှိနေတာပဲ၊

သေချာတယ် ... ဒီလိုရုပ်မျိုးက

လူချမ်းသာအသိုင်းအဝိုင်းနဲ့ပဲ

လက်ဆက်ရမှာ ... ဟင်း ဟင်း"

လို့ ချီးမွမ်းခန်းဖွင့်လိုက်တယ်။

မိန်းမလျှာ ကနားစီးညွန့်ညွန့်ရဲ့အပြောကြောင့် ဒေါ်ရင်

www.burmeseclassic.com

www.burmeseclassic.com



မေက မျက်နှာလေးနွမ်းဖတ်သွားရှာတယ်။

သက်ပြင်းချလိုက်ရင်းက ...

“ဒါတော့ ... စိတ်ကူးတောင်

မယဉ်ရဲပါဘူး ညွှန့်ညွှန့်ရယ်၊

ကျုပ်ယောကျာ်း တိမ်းပါးသွားချိန်တည်းက

ကျုပ်တို့သားအမိ အပ်ချုပ်စက်လေး

တစ်လုံးတည်းနဲ့ စက်ချုပ်စားခဲ့ရတာပါ၊

အခု ရိုးရာကန်တော့ဖို့ငွေတောင်

မလောက်ငလို့ ဘေးအိမ်ကနေ

ချေးထားရတယ်လေ၊

လူချမ်းသာတွေဆိုတာက ...

သူတို့ချမ်းသာတဲ့ အသိုင်းအဝိုင်းမှာပဲ

ကျင်လည်ကြတာပါ၊

ဘယ်သူမှ ရှေ့ကို ...

ကြည့်,ကွပ်ချင်မှာ မဟုတ်ပါဘူးလေ”



“သြော် ... မရင်မေရယ် ...

တော်ကလည်း အားငယ်တတ်လိုက်တာနော်၊

ကျုပ်ပြောမယ် ... လောကမှာ

လုံထမ်းလာတာပဲ မြင်ရမယ်၊

ကံထမ်းလာတာ မမြင်နိုင်ဘူးတော့၊

ကျုပ် လုံးဝ အတတ်ဟောလိုက်မယ်၊

တော့်သမီး ပန်းသဒြေလေးဟာ

ချမ်းသာတဲ့ အသိုင်းအဝိုင်းဆီ

ရောက်ကို ရောက်လိမ့်မယ်တော့၊

ပိုပြီး သေချာအောင် ရိုးရာကန်တော့ရင်

မိဆိုင်,ဖဆိုင်နတ်တွေဆီ

ကျုပ် ပန်းသဒြေလေးကို အပ်ပေးမယ်၊

ကဲ ... ကဲ ... အားလုံးစုံရင်

ပွဲစ,လိုက်မယ်နော်”

ကနားစီးညွှန့်ညွှန့်ဟာ ထိုသို့ပြောဆိုပြီး အမွှေးတိုင်တွေ

www.burmeseclassic.com

www.burmeseclassic.com



ထွန်းညှိလိုက်တယ်။

သပြေခက်တွေကို လက်အစုံနဲ့ကိုင်ရင်း လက်အုပ်ချီ မျက်လုံးစုံမှိတ်လိုက်တယ်။

ခဏတွင်းချင်းဆိုသလို နတ်ဝင်သွားပြီး ...

"ပျော်တယ်ဟေ့ ... အမေပျော်တယ်၊

စားတော်ပွဲတွေကို အမေ အငွေ့

သုံးဆောင်မယ်ဟဲ့၊

သမီးတော်ကြီး ဆက်သစမ်း"

ဒေါ်ရင်မေက မုန့်ဖြူ မုန့်နီ၊ ဆီထမင်း၊ လက်ဖက် စားဖွယ်တွေကို တစ်ခုချင်းစီ ဆက်သ,လိုက်တယ်။

ကနားစီးညွန့်ညွန့်ဟာ စားဖွယ်တွေကို မျက်လုံးစုံမှိတ် ခေါင်းဆတ်ဆတ်တုန်ရင်း အငွေ့ရှူလိုက်တယ်။

ပြီးတဲ့အခါ ...

ရေဇလုံထဲ တွန့်တွန့်လူးနေတဲ့ ငါးရံ့အရှင်နှစ်ကောင် ကို ဖမ်းယူပြီး လက်ဝါးတစ်ဖက်စီပေါ် တင်လိုက်တယ်။



တွန့်တွန့်လူးနေတဲ့ ငါးရံ့နှစ်ကောင်ဟာ ကနားစီးညွန့် ညွန့်ရဲ့လက်ပေါ်ရောက်တဲ့အခါ လုံးဝငြိမ်ကျသွားတယ်။

"ဒီနေ့ ... ဒီအချိန်ကစ,ပြီး

အမေ့သမီးတွေရဲ့အိမ်မှာ

လာဘ်လာဘတွေ တိုးပွားရစေမယ်ဟဲ့၊

ငါ့သမီးတို့ရဲ့ လူမှုရေး,စီးပွားရေးအားလုံးကို

အမေ ပဲ့နှုးမယ်တော်ကြီး

စောင့်ရှောက်ပေးမယ်ကွဲ့၊

ဟုတ်ပြီလား ... ငါ့သမီးတွေ"

"ဟုတ်ကဲ့ပါ အမေ၊

သမီးတော်ကြီးတို့သားအမိမှာ ...

ဘုရားနဲ့ ရှီးရာကိုပဲ ...

အားထားရာ ရှိပါတယ်၊

အားကိုးပါတယ် အမေ၊

စောင့်ရှောက်ပေးတော်မူပါရှင်"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရင်မေက ထိုသို့ပြောရင်း ပဲခူးမယ်တော်ကြီးကို ဦးချကန်တော့လိုက်တယ်။

မိခင်က ကန်တော့တဲ့အတွက် ပန်းသပြေလည်း လက်အုပ်လေးချီရင်း ကန်တော့လိုက်တယ်။

"ကောင်းပြီ ... ကောင်းပြီ၊

ဒီအချိန်ကစပြီး ငါ့သမီးတွေကို

အမေက နှစ်ဆတိုးပြီး စောင့်ရှောက်ပြီလို့

မှတ်လိုက်ကြစမ်း၊ ဟိုသမီးအငယ်လေး ...

အမေ့ရှေ့မှောက် တိုးစမ်းကွဲ့"

မိခင်က လက်လှမ်းတို့လိုက်တဲ့အတွက် ပန်းသပြေက ရှေ့ကို တိုးလိုက်ရတယ်။

ပဲခူးမယ်တော်ကြီးက သူမရဲ့ခေါင်းပေါ် ငါးရံ့တင်လိုက်ရင်း ...

"သမီးတော်လေးကို ... အမေ ပြောမယ်ကွဲ့၊

ငါ့သမီးဟာ ဒီနေ့ကစပြီး ...



အနက်ရောင် ထက်အောက်ဆင်တူဝတ်ခြင်းကို

အထူးရှောင်ရမယ်၊ ပြီးတော့ ...

မိရိုးဖာ ဖရိုးဖာကို ဘယ်တော့မှ

မမေ့ပျောက်ရဘူးကွဲ့၊

စားတော်ပွဲနဲ့ ရိုးရာမကန့်တော့နိုင်ရင်တောင်

လက်ဖက်တစ်ရိုး ကွမ်းတစ်ရာနဲ့

တင်မြှောက်ရမယ်၊

ကြားရဲ့လား သမီးတော်လေး"

လို့ ပြောလာတယ်။

ပန်းသပြေဟာ စကားနည်း အေးဆေးသူဖြစ်တဲ့ အလျှောက် ...

"ဟုတ်ကဲ့ပါရှင့်"

ဆိုတဲ့ တစ်ခွန်းတည်းသာ ပြန်ပြောလိုက်မိတယ်။

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂)

"ဟဲ့ ... မရင်မေရေ

တော်တို့အိမ်ရှေ့မှာ ကားအကောင်းစားကြီးတစ်စီး

လာရပ်နေပြီတော့်"

ရိုးရာကန်တော့ပြီးသွားတဲ့အတွက် ပန်းကန်ခွက်

www.burmeseclassic.com

www.burmeseclassic.com



ယောက်တွေ သိမ်းဆည်းနေတဲ့ ဒေါ်ရင်မေတစ်ယောက် ကနားစီးညွန့်ညွန့်အပြောကြောင့် အံ့အားသင့်သွားမိတယ်။

ဒီအချိန်မှာပဲ ကားပေါ်ကနေ အသက်ခုနစ်ဆယ်အရွယ်ရှိ ရွှေတွေသီးနေတဲ့ အဘွားကြီးတစ်ဦး ဆင်းလာပြီး ...

"ဒီအိမ်က မရင်မေတို့အိမ်လား မသိဘူး"

လို့ လှမ်းအသံပြုတယ်။

ကနားစီးညွန့်ညွန့်က သွက်လက်စွာထ,သွားရင်း ...

"ဟုတ်ပါတယ်ရှင့် ...

ဒါ မရင်မေတို့အိမ်ပါ၊

အပေါ်ကို ကြွပါရှင် ... ကြွပါ"

လို့ ဖိတ်မန္တကပြုလိုက်တယ်။

ရွှေတွေညွန့်နေတဲ့ အဘွားကြီးက အိမ်ပေါ်တက်လာပြီး သင်ဖြူးဖျာပေါ် ဝင်ထိုင်လိုက်တယ်။

ဒေါ်ရင်မေတို့သားအမိလည်း အံ့ဩမှင်တက်စိတ်နှင့် မီးဖိုချောင်က ထွက်လာကြတယ်။



အဘွားကြီးက ဒေါ်ရင်မေရဲ့မျက်နှာကို စူးစိုက်ကြည့်ရင်း ...

"မ ... မရင်မေ မဟုတ်လား"

လို့ မေးလာတယ်။

ဒေါ်ရင်မေဟာ သူမအနီး တရွေ့ရွေ့လျှောက်သွားမိရင်း တွေးမရနိုင်အောင် ဖြစ်သွားတယ်။

"ဟယ် ... အစ်မကြီး ...

အစ်မကြီးရွှေနှင်းဆီ၊

အစ်မကြီးရွှေနှင်းဆီ"

ဒေါ်ရင်မေဟာ ဝမ်းသာအားရရေရွတ်ရင်း အဘွားကြီးဘေး ဝင်ထိုင်လိုက်တယ်။

"မတွေ့ဖြစ်တဲ့ ...

ဆယ့်ငါးနှစ်လောက်မှာ

နင်က ဘာမှမပြောင်းလဲပါလား

ရင်မေရယ်"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရွှေနှင်းဆီက ဒေါ်ရင်မေရဲ့လက်ကို ဆုပ်ကိုင်ပြီး ပြောလိုက်တယ်။

"အစ်မကြီးရွှေနှင်းဆီကတော့ ...

အသားတွေပိုဖြူပြီး ကျက်သရေ

ရှိတယ်နော်၊

ဘယ်လိုများ မြို့ကို ...

ပြန်ရောက်လာတာလဲ

အစ်မကြီးရယ်၊

ခုလို ... အစ်မကြီး ပြန်လာတဲ့အချိန်မှာ

ကျွန်မကို လာတွေ့တာ

ဘယ်လိုပျော်မိမှန်းမသိဘူး"

ပန်းသပြေဟာ ဧည့်သည်အတွက် ရေနွေးဇန်းကို အသာ သွားချပေးလိုက်တယ်။

ဒေါ်ရွှေနှင်းဆီက သူမကို အကဲခတ်ကြည့်ရင်း မျက်လုံးတွေ လှုပ်ရှားသွားတယ်။



"ဒါ ... နင့်သမီးလေး မဟုတ်လား၊

အတော်တောင်ကြီးလာပြီပဲ၊

ကြည့်ပါဦး ...

ဘယ်လောက်များ မြန်မာဆန်ပြီး

ကျက်သရေ ရှိလိုက်လဲကွယ်"

ဒေါ်ရွှေနှင်းဆီရဲ့ချီးမွမ်းစကားကြောင့် ပန်းသပြေဟာ မနေတတ်အောင် ဖြစ်သွားရတယ်။

"အင်း ... ငါ့မြို့ကိုလာတာ

သိပ်မှန်သွားပြီ၊

ငါဖြစ်ချင်တဲ့ဆန္ဒကို အကောင်အထည်

ဖော်နိုင်တော့မယ်"

အဆက်အစပ်မရှိဘဲ ပြောချလိုက်တဲ့ ဒေါ်ရွှေနှင်းဆီရဲ့ စကားကြောင့် ...

"ရှင် ... အစ်မကြီး ...

ဘာပြောနေတာလဲဟင်"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရင်မေက နားမလည်နိုင်စွာ မေးလိုက်မိတယ်။

"ဒီလို ရင်မေရဲ့ ...

ငါဖြစ်စေချင်တဲ့ဆန္ဒက

ငါ့ရဲ့အငယ်ဆုံးသားကို ငါ့ဇာတိဖြစ်တဲ့

ဒီမြို့ငယ်လေးက မိန်းကလေးနဲ့ပဲ

အိမ်ထောင်ကျစေချင်တယ်၊

နင့်အိမ်ကို အရင်ဆုံး

ငါလာမိတာ သိပ်ကောင်းတယ်၊

နင်လက်ခံမယ်ဆိုရင် ...

နင့်သမီးလေးနဲ့ ငါ့သားလေးကို

နေရာချထားပေးချင်တယ်ဟယ်"

ဒေါ်ရွှေနှင်းဆီရဲ့အပြောကြောင့် ဒေါ်ရင်မေဟာ 'ရှင်' — ခနဲ ဖြစ်သွားရသလို ပန်းသပြေလည်း အံ့အားသင့်သွားရတယ်။

"ရှင် ... အစ်မကြီး၊



ကြားရတာ ကျွန်မနားကို

မယုံနိုင်လောက်အောင်ပါပဲရှင်၊

အိပ်မက်,မက်နေသလားလို့တောင်

ထင်မိပါတယ်"

ဒေါ်ရွှေနှင်းဆီက သားအမိနှစ်ယောက်လုံးကို ပြုံးကြည့်ပြီး ...

"အိပ်မက်မဟုတ်ပါဘူး ရင်မေရယ်၊

ငါ့ဘက်က ... တကယ်ကို

ကမ်းလှမ်းတာပါ၊

ဒါနဲ့ ... သမီးလေးကရော

ချစ်သူရည်းစားတွေ၊ ဘာတွေများ

ရှိနေရော့သလားကွဲ့"

ပန်းသပြေက မျက်လွှာချခေါင်းငုံ့ရင်း ...

"မ ... မရှိပါဘူးရှင့်"

လို့ ဖြေလိုက်တဲ့အခါ ဒေါ်ရွှေနှင်းဆီရဲ့မျက်နှာ ပိုပြီး

www.burmeseclassic.com

www.burmeseclassic.com



တောက်ပသွားတယ်။

“ဟုတ်ပါပြီကွယ်၊

ကဲ ... ဒါဆို ...

ငါ ပြန်ဦးမယ် ရင်မေ၊

သားလေးနဲ့ တွေ့ပေးရအောင်

သမီးကိုပါ အိမ်ခေါ်ခဲ့ဦးနော်”

ဒေါ်ရွှေနှင်းဆီဟာ ထိုသို့ဆိုပြီး နှုတ်ဆက်ရင်း ပြန်သွားတယ်။

ကားထွက်သွားတဲ့အခါမှာတော့ ...

“ပန်းသပြေတို့တော့ ...

အမေပဲရူး မ,ပြီဟေ့၊

ရိုးရာကန်တော့ပြီးတာနဲ့ ...

မင်္ဂလာစကား ကမ်းလှမ်းတာ

ခံရတယ်၊

ကံကောင်းချက်များ အကြီးကြီးပဲတော်”



ကနားစီးညွန့်ညွန့်ရဲ့အပြောကြောင့် ဒေါ်ရင်မေတစ်ယောက် အပြုံးပန်းထ,သွားသလို ပန်းသပြေလည်း ရှက်သွေးဖြာသွားတော့တယ်။

❐ ❐ ❐

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၄)

**မြို့လေးရဲ့** ဆိတ်ငြိမ်ရပ်ကွက်အတွင်းမှာရှိတဲ့ ခြံဝင်းအကျယ်ကြီးနဲ့ အဖြူရောင်တိုက်ကြီး။

ပန်းသာပြေဟာ ခြံဝမှာရပ်ရင်း တိုက်ကြီးရဲ့ခန့်ထည်မှုကို ငေးကြည့်နေမိတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ သမီး ... ခေါင်းလောင်းတီးလိုက်လေ၊

ဘာငေးနေတာလဲကွဲ့"

မိခင်က တံတောင်နဲ့တို့ရင်း ပြောလိုက်တဲ့အတွက် သူမ သတိဝင်လာပြီး ခေါင်းလောင်းလေးကို ဆွဲလှုပ်လိုက်တယ်။

ခေါင်းလောင်းသံကြောင့် လူကြီးတစ်ယောက် ပန်းခြုံတွေကြားက ထွက်လာပြီး ခြံတံခါးဖွင့်ပေးတယ်။

"မရင်မေလား မသိဘူးဗျ၊

အိမ်ထဲကို လိုက်ခဲ့ပါ ခင်ဗျ၊

သူဌေးမကြီး မှာထားပါတယ်"

လူကြီးက ပြောဆိုရင်း ခံ့ညားတဲ့ အဖြူရောင်တိုက်ကြီးဆီ ခေါ်သွားတယ်။

တိုက်ကြီးထဲရောက်တော့ အဖြူရောင်ဆိုဖာတက်ဆီကြီးမှာ လူကြီးက နေရာချထားပေးတယ်။

"ခဏလေး စောင့်ပါခင်ဗျ၊

ကျွန်တော် သူဌေးမကြီးကို



အကြောင်းကြားပေးပါ့မယ်"

လူကြီးထွက်သွားခဲ့တဲ့အခါ သားအမိနှစ်ယောက်သား ဧည့်ခန်းကြီးကို မျက်လုံးဝေ့ကြည့်မိတယ်။

အကောင်းစားပစ္စည်းတွေနဲ့ချည်း မွမ်းမံထားတဲ့ ဧည့်ခန်း။

ပန်းသပြေဟာ နံရံမှာ ချိတ်ထားတဲ့ ဓာတ်ပုံတွေကိုငေးကြည့်ရင်း မျက်လုံးအစုံ ဝိုင်းစက်သွားရှာတယ်။

"ဟင် ... အမေ ဟိုမှာကြည့်ပါဦး၊

ချိတ်ထားတဲ့ အဖြူအမည်းဓာတ်ပုံထဲမှာ

သပြေတို့အဘိုးလည်း ပါနေတယ်

အမေ"

သူမစကားကြောင့် ဒေါ်ရင်မေဟာ အဘိုးကြီးနှစ်ယောက် ပခုံးဖက်နေတဲ့ဓာတ်ပုံကိုကြည့်လိုက်မိတယ်။

"ဟုတ်တယ်လေ သမီးရဲ့၊

အဲဒါ အမေ့ရဲ့အဖေ ...

www.burmeseclassic.com

www.burmeseclassic.com



သမီးရဲ့အဘိုးပုံပဲကွဲ့၊
သိပ်အံ့သြသွားလား သမီး၊
တကယ်တော့ ... သမီးရဲ့အဘိုးနဲ့
ဒေါ်ရွှေနှင်းဆီရဲ့အဖေဟာ
သိပ်ချစ်ကြတဲ့ သူငယ်ချင်းတွေဖြစ်သလို၊
ဂျပန်ခေတ် စစ်ပြေးတဲ့အချိန်မှာ
ဒေါ်ရွှေနှင်းဆီတို့မိသားစုကို
သမီးရဲ့အဘိုးကပဲ သူ့ရဲ့ရွာမှာ
စောင့်ရှောက်ကျွေးမွေးထားခဲ့တယ်၊
အဲဒီကျေးဇူးကြောင့်ပဲ ...
စစ်ပြီးလို့ အမေတို့အိမ်
မီးလောင်ပျက်စီးသွားတဲ့အခါ ...
ဒေါ်ရွှေနှင်းဆီတို့အဖေက
အမေတို့မိသားစုကို သူ့အိမ်မှာပဲ
ခေါ်ပြီး စောင့်ရှောက်ထားခဲ့တယ်လေ၊
အဲဒီတုန်းကတော့ အမေက
ကလေးသာသာအရွယ်ပဲ
ရှိသေးတာ သမီးရဲ့၊
နောက်ပိုင်း ... ဒေါ်ရွှေနှင်းဆီရဲ့အဖေ
လူကြီးရောဂါနဲ့ ဆုံးပါးသွားသလို
သူ့ရဲ့အမျိုးသားလည်း ...
အရက်သောက်တဲ့ဒဏ်နဲ့
ဦးနှောက်သွေးကြောပြတ်ပြီး ဆုံးခဲ့ရှာတယ်၊
ဒါကြောင့် ... ဒေါ်ရွှေနှင်းဆီဟာ
ဒီအိမ်ကြီးကို ထားရစ်ပြီး
ရန်ကုန်မြို့ကို ပြောင်းသွားခဲ့တာကွဲ့."

ဒေါ်ရင်မေဟာ သမီးဖြစ်သူကို ရှင်းပြနေချိန်မှာပဲ
အပေါ်ထပ်ကနေ ဒေါ်ရွှေနှင်းဆီ ဆင်းလာတယ်။

"စောင့်ရတာကြာရောပေါ့ ရင်မေ၊
ငါ ရေချိုးနေလို့ ကြာသွားတာပါကွယ်"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရင်မေက မတ်တတ်ရပ်လိုက်ရင်း ...

"မကြာပါဘူး အစ်မကြီးရယ်၊

ဒီမှာလေ သမီးလေးကို

သူ့အဘိုးအကြောင်း ရှင်းပြနေတာ"

လို့ ပြောလိုက်တယ်။

"ဟင်း ... ဟင်း ... ဟင်း၊

အဘိုးတွေအကြောင်းပြောရင်

ငါတို့အကြောင်းလည်း ပါမှာပေါ့

ရင်မေရဲ့၊ နင် မှတ်မိလား၊

ငယ်ငယ်က နင် အပြစ်လုပ်လို့

နင့်အဖေက ထမင်းမကျွေးဘဲ

ဒဏ်ပေးတာလေ၊

ငါ နင့်ကို ဆွမ်းတော်တင်မယ့်မုန့်တွေ

ခိုးပြီး ကျွေးခဲ့ရသေးတယ် မဟုတ်လား"

ဆိုဖာမှာ ဝင်ထိုင်ရင်း ပြောလိုက်တဲ့ ဒေါ်ရွှေနှင်းဆီရဲ့



အပြောကြောင့် ဒေါ်ရင်မေ ရယ်မောလိုက်မိတယ်။

အိမ်ဖော်မိန်းကလေး လာချပေးတဲ့ အအေးနဲ့မုန့်တွေကို စားသောက်ပြီးခါမှတော့ ...

"ဒါနဲ့ အစ်မကြီးရဲ့ကလေးတွေရော ...

မမြင်ပါလား အစ်မကြီး"

ဒေါ်ရင်မေရဲ့အမေးကြောင့် ဒေါ်ရွှေနှင်းဆီဟာ သက်ပြင်းရှိုက်ရင်း ...

"သမီးအကြီးနဲ့ အလတ်ကောင်လေးက

စင်ကာပူက ရုံးခွဲကိစ္စနဲ့ ...

အဲဒီကို ခဏရောက်နေကြတယ်၊

အငယ်ကောင်လေးကတော့ ...

ရန်ကုန်မှာ ကျန်ခဲ့တယ်လေ၊

မကြာခင် ဒီကိုလိုက်လာမှာပါ"

ပြောဆိုရင်း ခေါင်းထဲ မိုက်ခနဲဖြစ်သွားတဲ့အတွက် ဒေါ်ရွှေနှင်းဆီဟာ မျက်လုံးမှိတ်ရင်း နားထင်ကို သောက်လိုက်

www.burmeseclassic.com

www.burmeseclassic.com



တယ်။

"အို ... အစ်မကြီး ... အစ်မကြီး

ဘာဖြစ်လို့လဲ"

ဒေါ်ရင်မေက ပူပန်စွာ မေးလိုက်မိတယ်။

"အိပ်ရေးပျက်လို့ ထင်ပါရဲ့လေ၊

ခေါင်းမူးသွားတာပါ၊

ဘာမှမဖြစ်ဘူး စိတ်မပူနဲ့၊

ရင်မေ ... ညည်းတို့သွားအမိ

ညနေစာ စားပြီးမှ ပြန်ရမယ်နော်"

□□□

# အပိုင်း (၅)

www.burmeseclassic.com

www.burmeseclassic.com

# “ဒေါ်ရွှေနှင်းဆီကို ကြည့်ရတာ

တစ်ခုခု ထူးဆန်းနေသလိုပဲ အမေ၊

သမီးနဲ့သူ့သားကို စီစဉ်မယ်သာပြောတာ

ဒီကိစ္စကို သူ့သားရော



လက်ခံပါ့မလား”

အပ်ထည်လက်ချုပ်လိုက်ရင်း ပြောလိုက်တဲ့ ပန်းသပြေ ရဲ့စကားကြောင့် ...

“အို သမီးရယ် ...

အစ်မကြီးရွှေနှင်းဆီအကြောင်းကို

အမေ့ထက်ပိုပြီး ...

ဘယ်သူမှ မသိနိုင်ဘူး၊

သူတို့ဟာ ... မျိုးရိုးစဉ်ဆက်

ကျိုကျိုတက်ချမ်းသာပေမယ့်

သိပ်ကို စိတ်ဓာတ်ကောင်းတဲ့လူတွေကွဲ့၊

သမီးနဲ့သူ့သား နေရာချထားဖို့ကိစ္စမှာ

သူဟာ သားသမီးကို ပိုင်နိုင်တဲ့

မအေမျိုးမို့ သူ့သဘောနဲ့သူ

စီစဉ်နိုင်တာလို့ပဲ အမေယူဆတယ်”

မိခင်ရဲ့အပြောကြောင့် ... ပန်းသပြေဟာ သက်ပြင်း

www.burmeseclassic.com

www.burmeseclassic.com



ရှိက်ရင်း ...

"အမေ တွေးကြည့်လေ၊ သူတို့လို
ချမ်းသာတဲ့ အသိုင်းအဝိုင်းမှာ
ချမ်းသာပြီး ချောမောလှပတဲ့
မိန်းကလေးတွေ အများကြီးပါ၊
ဘာကြောင့် ... သူ့ရဲ့ချွေးမနေရာကို
သမီးတို့လို ဘာဂုဏ်ဒြပ်မှမရှိတဲ့လူကို
ရွေးချယ်ခဲ့သလဲ၊
သူ့သားမှာ တစ်ခုခု ချို့ယွင်းချက်ရှိလို့များ
ဒီလိုစီစဉ်ရတာလား၊
ဒီနေ့ သမီးကို မြင်ခဲ့တယ်၊
ချက်ချင်းပဲ မင်္ဂလာစကား
ကမ်းလှမ်းခဲ့တယ်၊
လိုအပ်တာထက် ပိုပြီး
အဖြစ်အပျက်က သိပ်မြန်ဆန်လွန်းတယ်



အမေရဲ့"

ပန်းသပြေရဲ့အပြောကြောင့် ဒေါ်ရင်မေဟာ မျက်လုံးပြူးသွားရှာတယ်။

"ဟယ် သမီး ... နင် ဘာလို့
အဲ့လို ထင်ရတာလဲ၊
ဒေါ်ရွှေနှင်းဆီနဲ့ ပတ်သက်ပြီး
အခု ကြုံတွေ့ရသမျှတွေဟာ
ငါ့သမီးရဲ့ ကံကြမ္မာ
သိပ်ကောင်းလို့ပဲ၊
လောကမှာ ကံထမ်းလာတာမှ
မမြင်နိုင်ဘဲ သမီး၊
အမေပြောတာ လက်ခံပါ၊
ဘာမှ လျှောက်မတွေးနဲ့"

မိခင်ရဲ့စကားကြောင့် ပန်းသပြေဟာ ဘာမှမပြောတော့ဘဲ ...

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီ အမေရယ်၊

အမေတွေးသလိုပဲ ဖြစ်မှာပါ၊

သမီး အိပ်ချင်ပြီ ... အိပ်တော့မယ်နော်"

လို့ဆိုပြီး လက်ချုပ်လိုက်နေတဲ့ အဝတ်ကိုချပြီး အိပ်ခန်းထဲ လျှောက်သွားတယ်။

အိပ်ရာပေါ်ရောက်တဲ့အချိန်မှာ သူမ လုံးဝအိပ်မရဘဲ

"တကယ်ဆို အိမ်ထောင်ပြုတယ်ဆိုတာ

အချစ်ပါမှ အိမ်ထောင်က ခိုင်မြဲမှာ၊

ငါက တစ်ခါမှ မမြင်ဘူးတဲ့လူနဲ့

အိမ်ထောင်ပြုရတော့မယ်၊

သူ့စိတ်ကို ငါ မသိသလို၊

ငါ့ကိုလည်း သူ့မသိဘူး၊

ငါပြုလိုက်တဲ့ အချစ်မပါတဲ့

အိမ်ထောင်တစ်ခုဟာ ...

ဘယ်လိုများ ခိုင်မြဲနိုင်ပါ့မလဲ၊



ငါ့ကို သိပ်ချစ်တဲ့အမေ၊

ငါက သိပ်ချစ်တဲ့ အမေ၊

ဒေါ်ရွှေနှင်းဆီကို အပြည့်အဝ

ယုံကြည်နေတဲ့ အမေ၊

ဟား ... သိပ်စိတ်ညစ်ဖို့ ကောင်းပါလား၊

ဘာလုပ်ရမှန်းကို မသိဘူး"

လို့ အိပ်ရာပေါ် လူးလိမ့်ရင်း တွေးလိုက်မိတယ်။

❐❐❐

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၆)

"သမီးရေ ... ဒီအင်္ကျီက

ရင်ခံအတွက် အစမရှိဘူး၊

ဈေးထဲက အထည်ဆိုင်မှာ

အပါးစလေး ပြေးဝယ်ပေးပါဦးကွယ်၊

www.burmeseclassic.com

www.burmeseclassic.com



ရက်ချိန်းရက်က ကပ်နေပြီကွဲ့”

မိခင်ရဲ့အသံကြောင့် ပန်းသပြေဟာ ထမင်းအိုးကို မီးဖို ပေါ်က ချပြီး ရေနွေးအိုးတင်လိုက်တယ်။

“ဟုတ်ကဲ့ အမေ၊

အပါးစက အကျီနဲ့လိုက်အောင်

ပန်းရောင်အနုပဲ မဟုတ်လား၊

သမီး အခုပဲ သွားလိုက်မယ်၊

ရေနွေးအိုးတင်ခဲ့တယ်နော် အမေ”

ပန်းသပြေက ထိုသို့ပြောပြီး ပိုက်ဆံယူကာ ဈေးဘက် ထွက်ခဲ့တယ်။

ဈေးအရှေ့ ကားလမ်းမကြီးပေါ် ဖြတ်ကူးတဲ့အချိန်မှာပဲ သူမ တစ်စုံတစ်ခုကို သတိပြုမိသွားတယ်။

ကားလမ်းမကို တုန်ချည့်ချည့်ဟန်နဲ့ ကြိုးစားဖြတ်ကူး နေရှာတဲ့ ယောဂီဝတ်နဲ့ အဘိုးအိုတစ်ဦး။

သူမ အဘိုးအိုကို သတိပြုမိနေစဉ်မှာပဲ အရှိန်နဲ့မောင်း



လာတဲ့ ကိုယ်ပိုင်ကားတစ်စီးကို တွေ့လိုက်ရတယ်။

သူမဟာ အဘိုးအိုအတွက် စိတ်ပူသွားမိသလို နီးကပ် လာတဲ့ ကားကလည်း အရှိန်မလျှော့ဘူး။

ဒါကြောင့် ...

“အဘိုး ... အဘိုး ကားလာနေတယ်”

ပန်းသပြေဟာ လှမ်းအော်ရင်း အဘိုးအိုရှိရာပြေးသွား ပြီး ၎င်းရဲ့လက်ကို အရှိန်နဲ့ ဆောင့်ဆွဲယူလိုက်တယ်။

ကျယ်လောင်တဲ့ ကားဘရိတ်အုပ်သံနဲ့အတူ အဘိုးအို ရော ပန်းသပြေပါ လမ်းတစ်ဖက်ကို မှောက်လျက်လဲမတတ် ရောက်သွားတယ်။

“ဘာဖြစ်တာလဲဗျ၊ အဆင်ပြေရဲ့လား”

ကားမောင်းသူက ကားတံခါးမှန်ဖွင့်ရင်း လှမ်းမေးလာ တယ်။

သူမ လဲကျမတတ်ဖြစ်နေတဲ့ အဘိုးအိုကို ဖေးမကူလိုက် ရင်း ဆတ်ခနဲ လှည့်ကြည့်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com



စိတ်လှုပ်ရှားတဲ့မျက်လုံးတွေနဲ့ သူမကို ဆိုက်ကြည့်နေတဲ့သူ။

အကြည့်ချင်းဆုံတဲ့ ခဏလေးမှာ သူမရင်တစ်ခုလုံး ဖြောင်းဆန်မတတ် ခံစားလိုက်ရတယ်။

"ကျွန်တော် မေးနေတယ်လေ၊
အဆင်ပြေရဲ့လားလို့"

ထပ်မေးလိုက်တဲ့စကားကြောင့် ... သူမ သတိဝင်လာပြီး

"ရပါတယ်၊ ဘာမှမဖြစ်ပါဘူး၊
ဒါပေမဲ့ ... ကားမောင်းရင်
အရှိန်မများတာ အကောင်းဆုံးပါ၊
ကျွန်မတို့မြို့က ကျဉ်းသလို
လမ်းတွေလည်း ကျဉ်းတယ်လေ"

လို့ ပြောလိုက်မိတယ်။

ကားမောင်းသူက သူမကို 'အိုကေ' လို့ တစ်ခွန်းတည်း ပြောပြီး ကားကို မောင်းထွက်သွားတယ်။



"ကျေးဇူးပါပဲ မြေးလေးရယ်၊
မြေးလေးသာ မကူညီခဲ့ရင်
အဘိုးတော့ တစ်ခုခုဖြစ်မှာပဲကွယ်၊
ကျေးဇူးတင်လိုက်တာ"

"မလိုပါဘူး အဘိုးရယ်၊
လူတစ်ယောက်နဲ့တစ်ယောက် ကူညီ
ရိုင်းပင်းရမှာ လူကျင့်ဝတ်တစ်ခုပါ၊
ဘာအကူအညီလိုသေးလဲ အဘိုး၊
အဘိုးကို ဘယ်ပို့ပေးရမလဲဟင်"

"ရပါပြီကွယ်၊ အဘိုးအတွက် ဘာမှ
အကူအညီမလိုတော့ပါဘူး"

"ဒါဆို ... ကျွန်မ သွားတော့မယ်နော်၊
ဈေးဝယ်စရာလေး ရှိသေးလို့ပါ"

ပန်းသပြေက အဘိုးအိုကို ထိုသို့နှုတ်ဆက်ရင်း သွားဖို့ ပြင်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး မြေးလေး ... ခဏကွယ်"

အသံကြောင့် သူမ ခြေလှမ်းတုံ့သွားပြီး အဘိုးအိုကို လှည့်ကြည့်မိတယ်။

အဘိုးအိုက ၎င်းရဲ့အကျီအိတ်ကပ်ထဲက တစ်စုံတစ်ခုကို နှိုက်ယူလိုက်တယ်။

"ကျေးဇူးတင်တဲ့အတွက်
ဟောဒီ အဆောင်လေးကို
ပေးပါရစေကွယ်၊
ဒီအဆောင်လေးဟာ ငါ့မြေးလေးရဲ့
ဘဝမှာ အရန်အတားအနေနဲ့
အကျိုးပြုပါလိမ့်မယ်၊
ကိုယ်နဲ့မကွာ ဆောင်ထားကွဲ့"

❒❒❒

# အပိုင်း (၇)

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ရင်မေတို့သားအမိဟာ ဒေါ်ရွှေနှင်းဆီရဲ့ ဖိတ်ခေါ်မှုကြောင့် ၎င်းရဲ့တိုက်ကြီးကို နောက်တစ်ကြိမ်ရောက် သွားကြတယ်။

ဒေါ်ရွှေနှင်းဆီကိုယ်တိုင် ခြံဝအထိလာပြီး ကြိုဆိုတဲ့



အတွက် ဒေါ်ရင်မေတို့သားအမိ အံ့အားသင့်နေကြရတယ်။

ဧည့်ခန်းထဲရောက်တဲ့အခါ ဒေါ်ရွှေနှင်းဆီက ချိုသာတဲ့ အပြုံးနဲ့ ...

“တခြားမဟုတ်ဘူးကွဲ့၊
ရင်မေတို့သားအမိကို အိမ်ခေါ်ရတာက
အစ်မကြီးရဲ့သားငယ်လေး ရန်ကုန်က
ရောက်လာပြီလေ၊
ဒါ့ကြောင့် ... သားလေးနဲ့ ဆုံဖို့အတွက်
ဒရိုင်ဘာကို ကားလွှတ်ပြီး
ခေါ်ခိုင်းလိုက်တာ”

လို့ ပြောလိုက်တဲ့အခါ ပန်းသပြေတစ်ယောက် ရင်ထဲ ဒိန်းခနဲ ခုန်သွားရတယ်။

ဒီအချိန်မှာပဲ လှေကားအတိုင်း ဆင်းလာတဲ့ ဖိနပ်သံကို ကြားလိုက်ရတယ်။

ဒေါ်ရွှေနှင်းဆီက လှေကားဆီ လှမ်းကြည့်လိုက်သလို

www.burmeseclassic.com

www.burmeseclassic.com



သူမကတော့ စိတ်လှုပ်ရှားမှုကြောင့် မျက်လွှာချ ခေါင်းငုံ့ထားမိတယ်။

“ဟော ... သားငယ်လေး ဆင်းလာပြီ၊
အဲဒါ ... အစ်မကြီးရဲ့သားအငယ်ပဲ
ရင်မေရဲ့၊
သူ့နာမည်က ရွှေမိုးယံလို့ခေါ်တယ်၊
ဘွဲ့ရပြီး ဘာမှအလုပ်မလုပ်ဘဲ
မအေကို ထိုင်ချွဲနေတဲ့ –
သားဆိုးလေးပေါ့ ...
ဟင်း ဟင်း”

ဒေါ်ရွှေနှင်းဆီရဲ့စကားကြောင့် ဒေါ်ရင်မေဟာ ကောင်လေးကို လှမ်းကြည့်ရင်း ကျေနပ်စွာ ပြုံးလိုက်မိတယ်။

ဂုဏ်ဒြပ်ရှိသလို ပညာတတ် ရုပ်ရည်ချောမောပြေပြစ်တဲ့ သားသမက်လေး မဟုတ်ပါလား။

“လာလေ ... သားလေး၊



ဒီမှာ လာထိုင်၊ သူက ...
အမေပြောဖူးတဲ့ မရင်မေလေး၊
ဒီဘက်က သိပ်ချစ်စရာကောင်းပြီး
မြန်မာဆန်တဲ့ သမီးလေးကတော့
မရင်မေရဲ့သမီးလေးပဲကွဲ့၊
သမီးလေးနာမည်က ပန်းသပြေတဲ့”

ဒေါ်ရွှေနှင်းဆီရဲ့မိတ်ဆက်ပေးမှုကြောင့် ရွှေမိုးယံက အပြုံးနဲ့အတူ မိန်းကလေးကို ကြည့်လိုက်မိတယ်။

မျက်လွှာချခေါင်းငုံ့ရင်း ရိုးရှင်းစွာ လှပနေတဲ့ မိန်းကလေး။

သူမရဲ့မျက်နှာကို အလျင်အမြန်အကဲခတ်ရင်းက ရွှေမိုးယံ မျက်မှောင်ကြုတ်သွားပြီး ...

“ဟင် ... မင်း ... မင်းကို
တွေ့ဖူးသလိုပဲ”
လို့ လွှတ်ခနဲ ပြောလိုက်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးရဲ့ခေါင်း မော့လာပြီး ဝိုင်းစက်တဲ့ မျက်ဝန်းတွေနဲ့ သူ့ကို စိုက်ကြည့်ရင်း အံ့အားသင့်ဟန်နဲ့ ...

"အို ... ရှင် ... ရှင် ...

ကားပေါ်က လူပဲ"

လို့ ရေရွတ်လိုက်တယ်။

"အလို ... သားနဲ့သမီးက

ဘယ်တုန်းကများ သိခဲ့သလဲကွဲ့၊

အမေတော့ သိပ်အံ့သြမိတယ်"

ဒေါ်ရွှေနှင်းဆီရဲ့အပြောကြောင့် ရွှေမိုးယံက ဆိုဖာခုံမှာ ဝင်ထိုင်လိုက်ရင်း ...

"မနေ့က သိခဲ့တာပေါ့ အမေ၊

ကျွန်တော် ဒီမြို့ရောက်ရောက်ချင်းပဲ

ဈေးရှေ့မှာ သူနဲ့ ဆုံခဲ့ပြီးပြီ"

လို့ ဖြေလိုက်တယ်။

ဒေါ်ရွှေနှင်းဆီဟာ အလွန်သဘောကျသွားဟန်နဲ့ ...



"ဟင် ... ဟင် ... ဟင်၊

အဲဒါ ... ဖူးစာပဲဖြစ်မှာ သားလေးရဲ့၊

ကြည့်လေ ... မြို့ကိုရောက်ရောက်ချင်း

မအေမျက်နှာ မမြင်ရသေးခင်မှာပဲ

ကိုယ့်ရဲ့သတို့သမီးမျက်နှာကို

မြင်ခွင့်ရတာ ကံကောင်းလို့ပေါ့ကွယ်၊

ဘုရားက သားလေးတို့ကို

ဆုံစည်းပေးလိုက်တာပါပဲ"

လို့ ကျေနပ်စွာ ပြောလိုက်တယ်။

သူမရဲ့စကားကြောင့် ပန်းသပြေရဲ့မျက်နှာ ရှက်သွေးဖြာသွားသလို ရွှေမိုးယံကလည်း မျက်နှာတစ်ခုလုံး ပူထူသွားသလို ခံစားလိုက်ရတယ်။

"အခု ... သားဟာ သားရဲ့

သတို့သမီးနဲ့ တွေ့ဆုံခွင့်ရပြီးပြီ၊

အမေ ပွင့်ပွင့်လင်းလင်းပဲ

www.burmeseclassic.com

www.burmeseclassic.com



မေးမယ်သား၊

ပန်းသပြေလေးနဲ့ လက်ဆက်ဖို့ကိစ္စကို

သားလေး လက်ခံနိုင်ရဲ့လား"

မိခင်ဆီက လုံးဝထင်မှတ်မထားတဲ့စကားကြောင့် ရွှေမိုးယံဟာ နဖူးချွေးစို့လောက်အောင် အနေကျပ်သွားမိတယ်။

လှုပ်ရှားနေတဲ့စိတ်ကို မရမက ထိန်းချုပ်ရင်း ...

"အမေက ကျွန်တော့်အတွက်

အမြဲတမ်း ရှေ့ဆောင်လမ်းပြပါပဲ

အမေ၊ အမေ့ရဲ့ရွေးချယ်မှုဟာ

မှားယွင်းမှု မရှိနိုင်သလို

ပန်းသပြေလို မိန်းကလေးမျိုးကို

ကျွန်တော် ငြင်းပယ်စရာ

ဘာမှမရှိပါဘူး၊

ဘာကြောင့်လဲဆိုတော့ ...

သူ့မျက်နှာကို စပြီး



မြင်လိုက်ချိန်မှာပဲ သူ့ရဲ့အတွင်းစိတ်ကိုပါ

ကျွန်တော် ကောင်းကောင်းကြီး

အကဲခတ်လို့ ရခဲ့ပါတယ်"

လို့ စကားလုံးတွေ မထွေးငေါ့ဖို့ ကြိုးစားပြလိုက်တယ်။

ဒေါ်ရွှေနှင်းဆီရဲ့မျက်နှာဟာ ထိန်ထိန်သာတဲ့ လမင်းကြီးနှယ် ဝင်းပသွားရှာတယ်။

"ဝမ်းသာလိုက်တာ သားလေးရယ်၊

အမေ့ရဲ့ရွေးချယ်မှု သိပ်မှန်သွားပြီ၊

အမေ့ဆန္ဒတွေ ပြည့်ဝသွားပြီ၊

ဝမ်းသာမိသလို သားတို့အားလုံးကို

ကျေးဇူးလည်း သိပ်တင်မိပါတယ်ကွယ်၊

အ ... အ"

မျက်ရည်လည်မတတ် ပြောဆိုရင်း ရုတ်တရက် ပြောင်းလဲသွားတဲ့ အမူအရာကြောင့် အားလုံးထိတ်လန့်သွားတယ်။

ဒေါ်ရွှေနှင်းဆီဟာ ရင်ဘတ်ကို လက်နဲ့ဖိရင်း ဆိုဖာ

www.burmeseclassic.com

www.burmeseclassic.com



နောက်မှီပေါ် လန်ကျသွားတယ်။

ရုတ်တရက် ပြောင်းလဲသွားတဲ့အခြေအနေကြောင့် ရွှေမိုးယံဟာ ဒေါ်ရင်မေကို ဆရာဝန်ရဲ့ ဖုန်းနံပါတ်မေးပြီး အားချင်း ဖုန်းဆက်ခေါ်လိုက်ရတယ်။

❒ ❒ ❒

# အပိုင်း (၈)

www.burmeseclassic.com

www.burmeseclassic.com

**သရာဝန်က** စမ်းသပ်နေချိန်မှာပဲ ဒေါ်ရွှေနှင်းဆီ တစ်ယောက် မျက်လုံးပွင့်လာတယ်။

"ဒေါက်တာ ... ကျွန်တော့်အမေ ဘာဖြစ်တာလဲဟင်၊



စိုးရိမ်စရာရှိလား"

ရွှေမိုးယံဟာ စိတ်လှုပ်ရှားစွာ ဆရာဝန်ကို မေးလိုက်တယ်။

ဆရာဝန်က ပြန်ဖြေဖို့လုပ်တုန်းမှာပဲ ...

"ဒေါက်တာ ... ကျွန်မ ဘာမှမဖြစ်ပါဘူး၊

အိပ်ရေးပျက်တာ သိပ်များသွားလို့

မူးသွားရတာပါ၊

ဒေါက်တာ့ကို ကျေးဇူးတင်ပါတယ်ရှင်"

ဒေါ်ရွှေနှင်းဆီရဲ့အမိပ္ပာယ်ပါပါကြည့်ပြီး ပြောလိုက်တဲ့ စကားကြောင့် ဆရာဝန်ဟာ မျက်မှောင်ကြုတ်သွားတယ်။

ပြီးမှ ခေါင်းဆတ်ဆတ်ညိတ်ရင်း ...

"လူနာက သူ့မအခြေအနေကို

သူသိနေတာပဲ၊

သူပြောသလိုပါပဲ ကောင်လေး

ဘာမှစိတ်မပူပါနဲ့၊

www.burmeseclassic.com

www.burmeseclassic.com



သောက်ဆေးပေးခဲ့မယ်၊

အချိန်နဲ့သာ တိုက်ပေးပါ"

လို့ပြောပြီး ဆေးပစ္စည်းတွေ သိမ်းလိုက်တယ်။

"အစ်မကြီးရယ် ကျွန်မဖြင့်

သိပ်စိတ်ပူသွားတာပဲ၊

အစ်မကြီးက ပျော်ပျော်နေတတ်တဲ့

လူလေ၊

ရုတ်တရက်ကြီး မူးမေ့သွားတော့

ဘယ်လိုစိတ်ပူမှန်းကို မသိပါဘူးရှင်"

သူမရဲ့လက်ကို ဆုပ်ကိုင်ရင်း ပြောလိုက်တဲ့ ဒေါ်ရင်မေရဲ့အပြောကြောင့် ပြုံးလိုက်ပြီး ...

"စိတ်မပူပါနဲ့ ရင်မေ၊

ငါ့သားလေးရဲ့မင်္ဂလာကိစ္စ မပြီးမချင်း

ငါ ဘာမှမဖြစ်နိုင်ဘူး၊

ဒါပေမဲ့ ...



တစ်ခုတော့ တောင်းဆိုချင်တယ်၊

မင်္ဂလာပွဲကို အမြန်ဆုံး

စီစဉ်ချင်တယ် ရင်မေ၊

ဒါဟာ ... တခြားဘာအကြောင်းမှ

မဟုတ်ပါဘူး၊

ငါ့အရွယ်ကလည်း ဇရာကို

ကျော်လုနေပြီ မဟုတ်လား၊

သားငယ်လေးကို အမြန်နေရာချထားပြီး

ခေါင်းအေးချင်တဲ့သဘောပါပဲဟယ်၊

ပြီးတော့ ... သိတတ်လိမ္မာတဲ့

နင့်သမီးလေးကို၊

ငါ့သမီးလို ငါ့ဘေးမှာ

ခြေဆုပ်လက်နယ်ပြုပေးစေချင်တဲ့

ဆန္ဒလည်း ရှိတာပေါ့ကွယ်"

လို့ ပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရင်မေက မျက်ရည်ရစ်ဝဲတဲ့အကြည့်နဲ့ ...

"စိတ်ချပါ အစ်မကြီး၊

ကျွန်မက အစ်မကြီးကို

အရင်းချာလိုမျိုး ချစ်တဲ့လူပါ၊

အစ်မကြီး ဆန္ဒအတိုင်း ...

အားလုံးဖြစ်စေရမယ်"

လို့ ကတိပေးလိုက်တယ်။

"အမေ ... ဘာလို့ စိုးရိမ်နေရတာလဲ၊

အမေဖြစ်ချင်တဲ့ဆန္ဒကို

ကျွန်တော်တို့အားလုံး

ဖြည့်ဆည်းပေးမှာပါ၊

အမေ တစ်ခုခုများ ခံစားနေရလို့လားဗျာ"

ရွှေမိုးယံက မိခင်ကို ငေးကြည့်ရင်း မေးလိုက်တယ်။

"မဟုတ်ပါဘူး သားလေးရယ်၊

အမေ့ကျန်းမာရေး သိပ်ကောင်းပါတယ်ကွယ်၊



အမေ့ရဲ့သားလေး မင်္ဂလာကိစ္စကို

ဖြစ်ချင်တဲ့ စိတ်ဇောကပ်နေလို့

လောမိတာပါ၊

ကျွန်တော် ဘာမှမရှိပါဘူးကွယ်"

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၉)

BURMESE CLASSIC .com

ဒေါ်ရွှေနှင်းဆီရဲ့ဆန္ဒအရ မင်္ဂလာပွဲကို အဲဒီမြို့လေးမှာပဲ အကျဉ်းချုံးကျင်းပဖို့ စီစဉ်ခဲ့ကြတယ်။

၎င်းတို့ရဲ့ခမ်းနားကြီးကျယ်တဲ့ တိုက်ကြီးနဲ့ ခြံအကျယ်ကြီးမှာ မီးရောင်ထိန်ထိန်လင်းနေရှာတယ်။

www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာဆည့်ခံပွဲကျင်းပမယ့် ညချမ်းလေးမှာ မီးလင်းထိန်နေတဲ့ ခြံကြီးကိုကြည့်ရင်း ဒေါ်ရွှေနှင်းဆီတစ်ယောက် ပီတိဖြာနေတော့တယ်။

"ကြည့်စမ်းပါဦး ရင်မေရယ် ...
ဆယ့်ငါးနှစ်လောက် ...
လူမနေဘဲ တိတ်ဆိတ်ခဲ့တဲ့
ဟောဒီအိမ်ကြီးမှာ
ပန်းသပြေလေးကြောင့် ...
စိုပြည်မှုတွေ ပြန်ရလာခဲ့ပြီ၊
ငါ့ရင်ထဲမှာ ဘယ်လောက်များ
ကြည်နူးမိလည်းဆိုတာ နင်သိရဲ့လားဟင်"

ဒေါ်ရွှေနှင်းဆီရဲ့အပြောကြောင့် ဒေါ်ရင်မေက ...

"ဟုတ်ပါတယ် အစ်မကြီး၊
အစ်မကြီးရဲ့ခံစားချက်ကို
ကျွန်မ နားလည်မိတယ်၊



ကျွန်မလည်း အစ်မကြီးနဲ့ထပ်တူ
ခံစားရတယ်ရှင်၊
ဘာကြောင့်လည်းဆိုတော့ ...
ကျွန်မသမီးလေးအတွက်
ကောင်းသောပြောင်းလဲခြင်းတွေဟာ
သိပ်ကိုမြန်ဆန်ခဲ့လို့ပါပဲ၊
ဒီအတွက်လည်း အစ်မကြီးကို
ကျေးဇူးတင်ပါတယ်"

လို့ ပြောလိုက်တဲ့အချိန်မှာပဲ ၎င်းတို့အနီးကို ခြံစောင့်လူကြီး ရောက်လာတယ်။

"သူဌေးမကြီးခင်ဗျ ...
ရန်ကုန်က ဆင့်ခေါ်ထားတဲ့ ရှေ့နေကြီး
ရောက်ပါပြီ ခင်ဗျ၊
ဧည့်ခန်းထဲမှာ နေရာချထားပေးပါတယ်"

ဒေါ်ရွှေနှင်းဆီက လက်မှာဝတ်ထားတဲ့နာရီကို ငုံ့ကြည့်

www.burmeseclassic.com



လိုက်တယ်။

“ညှော်သည်တွေ ရောက်ဖို့က ...

လေးဆယ့်ငါးမိနစ်လောက် လိုသေးတာပဲ၊

လာ ... ရင်မေ ...

အိမ်ထဲသွားရအောင်ကွယ်”

ၾငင်းတို့ အိမ်ကြီးထဲရောက်တဲ့အခါ ဒေါ်ရွှေနှင်းဆီတို့ရဲ့ မိသားစုရှေ့နေဖြစ်တဲ့ ဦးသော်ကောင်းက မတ်တတ်ရပ်နှုတ်ဆက်တယ်။

ဒေါ်ရွှေနှင်းဆီက ဆိုဖာမှာ ဝင်ထိုင်ရင်း ...

“ကျွန်မမှာထားတဲ့ စာချုပ်တွေ

အပြည့်အစုံ ပါရဲ့လားရှင်”

လို့ မေးလိုက်တယ်။

တစ်ဆက်တည်းမှာပဲ ဒေါ်ရွှေနှင်းဆီက ရွှေမိုးယံနဲ့ပန်းသပြေကို ခေါ်ယူလိုက်တယ်။

လူအားလုံး စုံတဲ့အခါ ရှေ့နေကြီး ဦးသော်ကောင်းက



“ပထမဆုံး ... ဒါက

လက်ထပ်စာချုပ်ပါ၊

သတို့သား သတို့သမီးနဲ့ သက်သေ

လက်မှတ်ထိုးပေးပါ”

လို့ဆိုပြီး လက်ထပ်စာချုပ်နှစ်စောင်ကို ကမ်းပေးတယ်။

ရွှေမိုးယံနဲ့ပန်းသပြေဟာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိရင်း စာချုပ်တစ်ခုစီကို လှမ်းယူလိုက်တယ်။

စာချုပ်မှာ လက်မှတ်ထိုးပြီးတာနဲ့ နှစ်ယောက်သား အကြင်လင်မယားဘဝ ပြောင်းလဲသွားပြီ မဟုတ်ပါလား။

နှစ်ယောက်သား စာချုပ်မှာ အပြန်အလှန် လက်မှတ်ထိုးပြီးတဲ့အခါ သက်သေတွေကပါ လက်မှတ်ထိုးကြတယ်။

ပြီးတဲ့အခါ ရှေ့နေကြီးဦးသော်ကောင်းက ...

“ဟောဒါက ... ဒီအိမ်ကြီးနဲ့ပတ်သက်တဲ့

ပိုင်ဆိုင်မှုအားလုံးကို ရွှေမိုးယံနဲ့ပန်းသပြေကို

www.burmeseclassic.com

www.burmeseclassic.com



လွှဲပြောင်းပေးတဲ့ စာချုပ်ပါ”

ရှေ့နေကြီးရဲ့အပြောကြောင့် ရွှေမိုးယံနဲ့ပန်းသပြေတို့ အံ့အားသင့်သွားသလို ဒေါ်ရင်မေလည်း မျက်လုံးပြူးသွားတယ်။

ဒေါ်ရွှေနှင်းဆီက စာချုပ်ကို လှမ်းယူပြီး လွှဲပြောင်းသူနေရာမှာ လက်မှတ်ထိုးလိုက်တယ်။

ပြီးတော့ ရွှေမိုးယံတို့ကိုပါ လက်မှတ်ထိုးစေတယ်။

ရှေ့နေကြီးဦးသော်ကောင်းက ဆက်ပြီး ...

“ဒါကတော့ ... ဒေါ်ရွှေနှင်းဆီ ပိုင်ဆိုင်တဲ့

အတွင်းပစ္စည်းအားလုံးနဲ့

ရန်ကုန်မှာရှိတဲ့ ခြံနဲ့တိုက်အားလုံးကို

မပန်းသပြေကို လွှဲပြောင်းပေးထားတဲ့

စာချုပ်ပါ”

လို့ဆိုရင် စာချုပ်တစ်ခု ကမ်းပေးပြန်တယ်။

ဒေါ်ရွှေနှင်းဆီဟာ အပြုံးဝေတဲ့မျက်နှာနဲ့ လှမ်းယူရင်း



လွှဲပြောင်းသူနေရာမှာ လက်မှတ်ထိုးလိုက်တယ်။

စာချုပ်ကို ပန်းသပြေရှေ့ တွန်းပေးလိုက်တဲ့အခါ ...

“မလုပ်ပါနဲ့ အန်တီ၊

သပြေ ... သပြေ ...

လက်မခံပါရစေနဲ့”

လို့ အတင်းငြင်းဆန်လိုက်တယ်။

“ဘာလို့များ ခုချိန်ထိ ...

အန်တီလို့ ခေါ်နေရတာလဲ

သမီးငယ်၊

သမီးငယ်က သားငယ်လေးနဲ့

လက်မှတ်ထိုးပြီးပြီပဲကွဲ့၊

အမေလို့ပဲ ခေါ်ပါကွယ်၊

သမီးငယ်လေးတို့အားလုံး

ကတိပေးထားတယ် မဟုတ်လား၊

အမေဖြစ်စေချင်တဲ့ဆန္ဒကို

www.burmeseclassic.com

www.burmeseclassic.com



ဖြည့်ဆည်းပေးမယ်ဆိုတာ၊

လက်ခံပေးပါ သမီးငယ်လေး”

ဒေါ်ရွှေနှင်းဆီရဲ့အပြောကြောင့် ပန်းသပြေဟာ ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွားမိတယ်။

ဒေါ်ရင်မေကိုယ်တိုင် သူမရဲ့ရက်ရောမှုကြောင့် တုန်လှုပ်မတတ် အံ့သြမှင်တက်နေရှာတယ်။

“ဟုတ်ပါတယ် ပန်းသပြေ၊

အမေ့ရဲ့ဆန္ဒကို လက်ခံပေးလိုက်ပါ၊

ဒါကို လက်ခံလိုက်လို့ ...

ပန်းသပြေအတွက် မပြစ်မဖြစ်ပါဘူး”

ရွှေမိုးယံရဲ့စကားကြောင့် ပန်းသပြေဟာ သူ့ကို ဖျတ်ခနဲ ကြည့်လိုက်မိတယ်။

လက်ခံပေးဖို့ တောင်းဆိုနေတဲ့ မျက်ဝန်းအစုံ။

အဲဒီမျက်ဝန်းရဲ့အကြည့်တွေကပဲ သူမကို အကြီးအကျယ် စိတ်လှုပ်ရှားစေခဲ့တယ် မဟုတ်ပါလား။



ပန်းသပြေဟာ တုန်ယင်တဲ့၊ စိတ်လှုပ်ရှားနေတဲ့ လက်အစုံနဲ့ စာချုပ်မှာ လက်မှတ်ထိုးပေးလိုက်တယ်။

ရှေ့နေကြီးဦးသော်ကောင်းက ကာယကံရှင်တွေကို စာချုပ်တစ်ခုစီပေးအပ်ပြီး ကျန်စာချုပ်ကို သူ့ဖိုင်တွဲထဲ သိမ်းဆည်းလိုက်တော့တယ်။

❐❐❐

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၀)

ဒေါ်ရွှေနှင်းဆီရဲ့မင်္ဂလာခြံကြီးထဲ အချိန်ကျရောက်လာတာနဲ့အမှု ညှော်သည်တွေ တဖြည်းဖြည်း ရောက်ရှိလာတယ်။

ဖျော်ဖြေရေးအတွက် နာမည်ကြီးအဆိုတော်တွေနဲ့ တီး

www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းအဖွဲ့ကို ငှားရမ်းထားတဲ့အတွက် သူတို့လည်း လူစုံရောက်လာကြပြီ။

တီးဝိုင်းရဲ့စတင်မှုနဲ့အတူ အမျိုးသမီး နာမည်ကျော် အဆိုတော်က စပြီး မင်္ဂလာပွဲကို ဖွင့်လိုက်တဲ့အတွက် ဧည့်ပရိသတ်ဟာ အကြီးအကျယ်မနောရွှင်သွားကြတယ်။

မင်္ဂလာသတို့သားနဲ့ သတို့သမီးဟာ ဧည့်သည်တွေကို လိုက်လံဧည့်ခံရင်း ပျော်တပြုံးပြုံးရှိနေကြသလို မိခင်တွေဖြစ်တဲ့ ဒေါ်ရွှေနှင်းဆီနဲ့ဒေါ်ရင်မေ့ပါ အပြုံးဝေနေကြတယ်။

ဧည့်ပရိသတ်တွေလည်း နာမည်ကြီးအဆိုရှင်တွေကို ကြည့်လိုက်၊ သတို့သား၊ သတို့သမီးကို နှုတ်ဆက်လိုက် ...၊

ကောင်းပေ့ဆိုတဲ့ စားသောက်ဖွယ်ရာတွေကို စားလိုက်လုပ်ရင်း အကျေနပ်ကြီး ကျေနပ်နေကြတယ်။

နာမည်ကြီးအဆိုတော် ငါးယောက်မြောက်ဆိုပြီးချိန်မှာတော့ တီးဝိုင်းသံ လုံးဝရပ်သွားတယ်။

'ဟယ်လို' ... ဆိုတဲ့ မိုက်စမ်းတဲ့အသံ ထွက်ပေါ်လာတဲ့



အတွက် အားလုံးရဲ့အကြည့်က ဘယ်အဆိုတော်လည်းဆိုပြီး တီးဝိုင်းစင်မြင့်ဆီ အကြည့်ရောက်သွားကုန်တယ်။

"ဟယ်လို ... မင်္ဂလာပွဲလာ

ဧည့်သည်အားလုံး အဆင်ပြေကြရဲ့လား၊

ဧည့်သည်အားလုံးရဲ့အဖြေက ...

အဆင်ပြေမယ်ဆိုတာ ကျွန်မ

သိပြီးသားပါ၊ ဒါပေမဲ့ ..

ကျွန်မအတွက်တော့ အဆင်မပြေဘူး၊

ဘာဖြစ်လို့လဲဆိုတော့"

ရုတ်တရက် ကြားလိုက်ရတဲ့အသံကြောင့် ဧည့်သည်အားလုံး အစားနင်မတတ်ဖြစ်သွားပြီး တီးဝိုင်းစင်မြင့်ဆီ လှည့်ကြည့်လိုက်ကြသလို ...

ဒေါ်ရွှေနှင်းဆီနဲ့ သတို့သား၊ သတို့သမီးပါ လှည့်ကြည့်လိုက်ကြတယ်။

"ဘာဖြစ်လို့လဲဆိုတော့ ... ကျွန်မဟာ

www.burmeseclassic.com

www.burmeseclassic.com



သတို့သား ရွှေမိုးယံရဲ့အစ်မဖြစ်တဲ့

ရွှေဘုံစံပါ၊

ဧည့်သည်အားလုံးကို အားနာပါတယ်၊

ဒါပေမဲ့ ...

အခု ... ကျွန်မမောင်လေးရဲ့မင်္ဂလာပွဲကို

ကျွန်မ အစ်မတစ်ယောက်အနေနဲ့

လုံးဝ လက်မခံနိုင်ပါဘူး၊

ဘယ်လိုမှ လက်မခံနိုင်ပါဘူးရှင်”

လူအားလုံး ‘ဟာ’ ... ခနဲ ဖြစ်သွားကြသလို ဒေါ်ရွှေနှင်းဆီတစ်ယောက် မျက်နှာအကြီးအကျယ် ပျက်သွားရှာတယ်။

ဒေါ်ရင်မေနဲ့ ပန်းသပြေရဲ့မျက်နှာကိုယ်စီမှာ အံ့အားသင့်မှုနဲ့အတူ ရှက်စိတ်တွေ လွှမ်းမိုးနေတယ်။

ရွှေမိုးယံကိုယ်တိုင် အစ်မကြီးရွှေဘုံစံရဲ့လုပ်ရပ်ကြောင့် ကြောင်အမ်းမှင်တက်သွားမိတယ်။

ရွှေဘုံစံက စင်ကာပူကိုရောက်နေတဲ့လူ မဟုတ်ပါလား။



“မင်္ဂလာပွဲလာတဲ့ ဧည့်သည်အားလုံး

နားနဲ့ ဆက်ဆက်ကြားကြတယ်

မဟုတ်လားရှင်၊ ဒီမင်္ဂလာပွဲကို

ကျွန်မ ... လုံးဝ လက်မခံပါဘူး၊

သတို့သား ရွှေမိုးယံရဲ့ အစ်မကြီးဖြစ်တဲ့

ကျွန်မ လုံးဝလက်မခံပါဘူး၊

ဒါ့ကြောင့် ...

ဒီမင်္ဂလာပွဲကို ကျွန်မ

လုံးဝ ဖျက်သိမ်းပါတယ်၊

မင်္ဂလာစားသောက်ဖွယ်ရာတွေကို

ခုချိန်မှာ ဧည့်သည်အားလုံး

စားသုံးပြီးပြီလို့ ယူဆပါတယ်၊

ဒါ့ကြောင့် ... ဧည့်သည်အားလုံး

ဆန္ဒရှိရင် ပြန်လို့ရပါပြီရှင်၊

ဒေါ်ရွှေနှင်းဆီ စီစဉ်တဲ့

www.burmeseclassic.com

www.burmeseclassic.com



သတို့သားရွှေမိုးယံရဲ့မင်္ဂလာပွဲကြီးဟာ ...

လုံးဝဖျက်သိမ်းလိုက်ပါပြီ"

တီးဝိုင်းစင်မြင့်က ကြားရတဲ့အသံကြောင့် ဧည့်သည်အားလုံး 'ဟာ' ... ခနဲဖြစ်ပြီး စကားသံတွေ ညံစီသွားတယ်။

ပျက်ယွင်းတဲ့မျက်နှာတွေနဲ့အတူ စားသောက်ဝိုင်းကထပြီး အသီးသီး ပြန်သွားကုန်တယ်။

လူရှင်းသလောက်ဖြစ်သွားချိန်မှာတော့ ကျောက်ရုပ်တစ်ရုပ်လို ရပ်နေတဲ့ ဒေါ်ရွှေနှင်းဆီတစ်ယောက် အံကိုတင်းအောင်ကြိတ်ရင်း လက်ကို ကျစ်နေအောင် ဆုပ်ထားမိတယ်။

ထိုအချိန် ... ပန်းသပြေရဲ့မျက်နှာပေါ် မျက်ရည်ဖြိုင်ဖြိုင်စီးကျနေသလို ဒေါ်ရင်မေရဲ့မျက်နှာ အကြီးအကျယ် ပျက်ယွင်းနေရှာတယ်။

"ကျွတ် ... စိတ်ပျက်ဖို့ ကောင်းလိုက်တာ၊

အစ်မတစ်ယောက် ဘာတွေလုပ်နေတာလဲ၊

ဦးနှောက်မှရှိသေးရဲ့လားကွာ၊



ရှက်ဖို့ကောင်းလိုက်တာ"

ရွှေမိုးယံရဲ့မကျေမနပ်စကားကို ကြားနေရတဲ့ ဒေါ်ရွှေနှင်းဆီတစ်ယောက် မျက်ရည်ပေါက်ခနဲ ကျမိတယ်။

တီးဝိုင်းစင်မြင့်ပေါ်ကနေ သူမကို စူးစူးရဲရဲစိုက်ကြည့်နေတဲ့ ရွှေဘုံစံ။

သူမ တီးဝိုင်းရှိရာ တရွေ့ရွေ့လျှောက်သွားတယ်။

ရွှေဘုံစံရဲ့အနားရောက်တဲ့အခါ သူမဟာ ပါးကို ဖျန်းခနဲ ရိုက်ပစ်လိုက်ရင်း ...

"ညည်း ... ဘာအချိုးချိုးလိုက်တာလဲ

ရွှေဘုံစံ၊ ညည်း ငါ့ကို

စောက်ရှက်ခွဲဖို့ ...

ဘယ်အချိန်ကများ ပြန်ရောက်လာသလဲ

... ဟင်"

လို့ အံကြိတ်သံကြီးနဲ့ မေးလိုက်တယ်။

ရွှေဘုံစံက ပူသွားတဲ့ပါးပြင်ကို ပွတ်သပ်ရင်း မဲ့ပြုံး

www.burmeseclassic.com

www.burmeseclassic.com



ပြုံးလိုက်တယ်။

"ဟင်း … ဟင်း … ဟင်း

အခုမှ ဘာလို့များ …

ထူးဆန်းနေရသလဲ အမေ၊

အစောကြီးထဲက ကျွန်မ ပြောပြီးပြီပဲ၊

ရွှေမိုးယံရဲ့မင်္ဂလာပွဲကို

ကျွန်မ လုံးဝ လက်မခံဘူးဆိုတာ

ဖွတ်စီစဉ်တာ ဘယ်သူလဲ၊

ဒီနေ့ ဒီအချိန် …

စောက်ရှက်ခွဲတယ်လို့ ပြောရအောင်

အမေက ကျွန်မရဲ့ စကားကိုမှ

နားမထောင်ခဲ့ဘဲ၊ မှတ်ထား …

အမေ့ဦးနှောက်ထဲ မှတ်ထားလိုက်၊

ရွှေဘုံစံဟာ ဘယ်တော့မှ …

အခြေအမြစ်မရှိတဲ့ တောရွာသားသား



မြို့လေးသေးသေးလေးက …

မိန်းမတစ်ယောက်ကို ယောင်းမအဖြစ်

လက်မခံဘူး … မှတ်ထားအမေ"

ရွှေဘုံစံရဲ့လက်ညှိုးငေါက်ငေါက်ထိုး ပြောလိုက်တဲ့ စကားကြောင့် ဒေါ်ရွှေနှင်းဆီရဲ့ဒေါသဟာ အထွတ်အထိပ်ကို ရောက်သွားတယ်။

ရွှေဘုံစံကို ပြန်ထိုးလိုက်တဲ့ လက်ညှိုးဟာ ဆတ်ဆတ် တုန်နေသလို သူမရင်တစ်ခုလုံး ဆို့အောင့်ပြီး အငွေ့ပျံမတတ် ပူလောင်ခြင်းဒဏ် ခံစားနေရတယ်။

"နင် … နင်ဟာ …

သိပ်ယုတ်မာတယ် ရွှေဘုံစံ၊

နင် … ငါ့သားငယ်လေးရဲ့မင်္ဂလာပွဲကို

အရှက်ခွဲခဲ့တဲ့ နင့်ကို

ဘယ်တော့မှ ငါ ခွင့်မလွှတ်ဘူး၊

ဒါပေမဲ့ …

www.burmeseclassic.com

www.burmeseclassic.com



ဟား ... ဟား ... ဟား ... ဟား ...

နင်ပြီးပြည့်စုံအောင် မလုပ်နိုင်ခဲ့ပါဘူး၊

အရာအားလုံး ပိုင်ဆိုင်မှုအားလုံး

ငါ့ရဲ့အချစ်ဆုံး သားငယ်လေးကိုပါ

ရေ့နေကြီးကတစ်ဆင့် ... ပန်း ...

ပန်းသပြေကို ... ငါ လွှဲပေးနိုင်ခဲ့ပြီ ...

နင် ... နင် ... ဘာတတ်နိုင်သေးလဲဟင်"

ဒေါ်ရွှေနှင်းဆီရဲ့စကားကြောင့် ရွှေဘုံစံ အကြီးအကျယ် မျက်နှာပျက်သွားသလို ...

'ဘာ' ... ခနဲ အော်ဟစ်လိုက်တယ်။

"ဟင်း ... ဟင်း ... ဟင်း ...

ဟုတ်တယ် ... သိပ်ဟုတ်တယ်၊

ငါ့သားငယ်လေးရဲ့မင်္ဂလာပွဲကို

နင် ဖျက်နိုင်ပေမယ့် ...

လက်ထပ်ခြင်းကိုတော့ မဖျက်နိုင်ခဲ့ဘူး၊



လောကမှာ နင့်လောက်

ယုတ်ညံ့တဲ့လူမရှိဘူး ရွှေဘုံစံ၊

နင့်လို သမီးယုတ်ကို မွေးမိတာ

ငါ ... ငါ ... သိပ်နောင်တရမိတယ်၊

အား ... အား"

ဒေါ်ရွှေနှင်းဆီတစ်ယောက် ထိုသို့ပြောဆိုရင်း ဗိုင်းခနဲ ပစ်လဲကျသွားတော့တယ်။

□□□

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၁)

အရေးပေါ်အခြေအနေကြောင့် ဒေါ်ရွှေနှင်းဆီကို အားချင်းဆိုသလို မြို့ရဲ့တစ်ခုတည်းသော ဆေးရုံကို တင်လိုက်ရတယ်။

ဆရာဝန်နဲ့ သူနာပြုတွေဟာ ဒေါ်ရွှေနှင်းဆီရဲ့အသက်

www.burmeseclassic.com

www.burmeseclassic.com



ကို ကယ်ဖို့အတွက် နည်းအမျိုးမျိုး ကြိုးစားခဲ့ကြတယ်။

ဒေါ်ရင်မေ၊ ပန်းသပြေနဲ့အတူ ရွှေမိုးယံ၊ ရွှေဘုံစံ၊ ရွှေမင်းဂံ … လူအားလုံး အရေးပေါ်အခန်းရဲ့အပြင်မှာ စောင့်စားနေကြတယ်။

အားလုံးရဲ့မျက်နှာမှာ ဒေါ်ရွှေနှင်းဆီအတွက် စိတ်ပူပန်မှုတွေ ရှိနေသလောက် …

ရွှေဘုံစံရဲ့မျက်နှာကတော့ အေးစက်မာကျောနေရှာတယ်။

နာရီဝက်လောက်ကြာတဲ့အခါ အရေးပေါ်အခန်းရဲ့ တံခါးကြီး ပွင့်လာတယ်။

သူတို့အားလုံး စိတ်လှုပ်ရှားစွာနဲ့ အထူးကုဆရာဝန်ကြီးဆီ ပြေးသွားမိတယ်။

ရွှေဘုံစံကတော့ အေးတိအေးစက်အမူအရာနဲ့ ၄င်းတို့အနီးကို လျှောက်လာတယ်။

"စိတ်တော့ မကောင်းဘူးဗျာ၊



ကျုပ်တို့လည်း အမျိုးမျိုး ရှော့ရိုက်ပြီး

လူနာကို နှလုံးပြန်ခုန်လာအောင်

ကြိုးစားကြည့်တယ်၊

ဒါ … ဒါပေမဲ့ …

လူနာရဲ့နှလုံးရောဂါအခြေအနေက

သိပ်လွန်နေပြီဗျ၊

လူနာဟာ … လုံးဝအသက်မရှိတော့ဘူး၊

ဒါ့ကြောင့် … အလောင်းကို

အိမ်ကို ပြန်သယ်ချင်ရင် …

သယ်သွားလို့ရပါပြီ၊

လိုအပ်တဲ့ ဆေးစစ်ချက်အားလုံး

ရေးပေးလိုက်ပါ့မယ်"

အထူးကုဆရာဝန်ကြီးရဲ့စကားကြောင့် သူတို့အားလုံး အရေးပေါ်အခန်းထဲကို အသည်းအသန်ပြေးဝင်သွားမိတယ်။

ပိတ်ဖြူစ ခြုံလွှမ်းထားတဲ့ ဒေါ်ရွှေနှင်းဆီ …

www.burmeseclassic.com

www.burmeseclassic.com



ရွှေမိုးယံတစ်ယောက် ဖြေမဆည်နိုင်အောင် ယူကျုံးမရ ဖြစ်သွားပြီး ...

"အမေ ... အမေ ...

ဘာလို့ အမေ့ကို ပိတ်ဖြူကြီး

လွှမ်းထားရတာလဲ၊

ဟင့်အင်း ... အမေက

ကျွန်တော့်ကို သိပ်ချစ်တာ၊

ဒီလိုချည်း ထားမသွားပါနဲ့

အမေရယ်၊

အမေ ... အမေ ... အမေ"

လို့ အရူးတစ်ယောက်လို ရေရွတ်ရင်း ရှိုက်ကြီးတငင် ငိုချလိုက်တယ်။

ဒေါ်ရင်မေနဲ့ ပန်းသပြေဟာ ရွှေမိုးယံကို နှစ်သိမ့်မိရင်း မျက်ရည်ကျမိသလို သားအလတ်ဖြစ်တဲ့ ရွှေမင်းဂံက ...

"အမေသေရတာ အစ်မကြောင့်ပဲ၊



အစ်မသာ ကျုပ်စကားကို လက်ခံပြီး

ပြန်လာခဲ့ရင် အမေ သေမှာမဟုတ်ဘူး၊

ဒါ ... အစ်မကြောင့်ဗျ"

လို့ ရွှေဘုံစံကို လက်ညှိုးထိုး ပြောလိုက်တယ်။

သွေးအေးတဲ့ ရွှေဘုံစံက အေးတိအေးစက်အမူအရာနဲ့ ခပ်ပြုံး ပြုံးရင်း ...

"မောင်လေး ရွှေမင်းဂံ ...

လောကရဲ့အမှန်တရားတွေကို

မင်းမသိသေးတဲ့အတွက်

ငါ့ကို နင် ဒီလိုပြောနေတာ၊

အမှန်တွေ သိတဲ့တစ်နေ့ ...

နင့်ဘဝရဲ့ ကယ်တင်ရှင်ဟာ

ရွှေဘုံစံဆိုတဲ့ အစ်မကြီးဖြစ်တဲ့

ငါဆိုတာ ကောင်းကောင်းကြီး

နင်သိသွားလိမ့်မယ်၊

www.burmeseclassic.com

www.burmeseclassic.com



သေနေ့စေ့လို့ သေတာပါ

ငါ့မောင်ရယ်၊

ဘုရားတောင် သေခြင်းကို

လွန်ဆန်နိုင်လို့လား မောင်လေးရဲ့၊

ဒါကို မောင်လေး ...

နင် သိသင့်တယ်လေ"

လို့ ပြောလိုက်တယ်။

ရွှေမင်းဂံတစ်ယောက် တဟီးဟီးရှိုက်ငိုရင်း ဘာမှပြန်မပြောတော့ဘူး။

ဒေါ်ရင်မေက အရှုးတစ်ပိုင်းဖြစ်နေတဲ့ ရွှေမိုးယံကိုကြည့်ပြီး ...

"သမီး ပန်းသပြေ ...

သမီးရဲ့ယောကျ်ားကို အိမ်ဆီ

အမြန်ဆုံး ပြန်ခေါ်သွားလိုက်ပါ၊

အစ်မကြီးရဲ့ရှာပနကိစ္စအားလုံးကို



ဆေးရုံကနေ အမေ အဆင်ပြေအောင်

အားလုံးစီစဉ်ခဲ့မယ်၊

ပြန်လိုက်တော့ သမီးရယ်"

လို့ မချိုတင်ကဲ ငိုသံကြီးနဲ့ ပြောလိုက်တယ်။

မိခင်ရဲ့စကားကြောင့် ပန်းသပြေဟာ ရွှေမိုးယံကို ဖျောင်းဖျနှစ်သိမ့်ပြီး အိမ်ကို ခေါ်သွားရှာတယ်။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၂)

မင်္ဂလာပွဲနဲ့အတူ ဆက်သွားတဲ့ ဇျာပနကိစ္စကြောင့် ဒေါ်ရွှေနှင်းဆီကိုသိတဲ့ မြို့ခံလူအားလုံး စိတ်မကောင်းကြီးစွာ ဖြစ်ကြသလို ဒေါ်ရင်မေတို့သားအမိနဲ့ ရွှေမိုးယံတို့ညီအစ်ကိုနှစ်ယောက်ဟာ အရူးတစ်ပိုင်း ဖြစ်နေကြရှာတယ်။

www.burmeseclassic.com

www.burmeseclassic.com



မြိုးလေးမှာရှိတဲ့ အကောင်းဆုံး ပန်းရန်ဆရာနဲ့ပြုလုပ်ထားတဲ့ ဒေါ်ရွှေနှင်းဆီရဲ့အုတ်ဂူအဖြူဆွတ်ဆွတ်လေး။

လူအားလုံး ကန်တော့ကြပေမယ့် ရွှေဘုံစံတစ်ယောက်ကျောခိုင်းနေတယ်။

"အစ်မ ... နှင် ဘာလုပ်နေတာလဲ၊

ဒေါ်ရွှေနှင်းဆီလို့ ...

အုတ်ဂူမှာ ကမ္ပည်းထိုးထားတဲ့

မိန်းမကြီးဟာ ... နှင့်ရဲ့အမေအရင်းပါ၊

နှင် ... နှင့်လုပ်ရပ်တွေ သိပ်လွန်နေပြီလို့

ငါထင်တယ်"

ရွှေမင်းဂံက ကြေကွဲဆို့နင့်သံကြီးနဲ့ ပြောလိုက်တယ်။

ရွှေဘုံစံက အုတ်ဂူကို ကျောခိုင်းလျက်က ...

"အမှန်တရားအားလုံးကို ...

တစ်ချိန်ကျရင် ...

နှင်သိမှာပါ ရွှေမင်းဂံ၊



နှင် ငါ့ကို ဘာမှမပြောနဲ့စမ်းဟာ၊

လူအားလုံးဟာ

ကိုယ့်စိတ်နဲ့ ကိုယ့်ကိုယ်ပါပဲ၊

ဒါကို သဘောပေါက်ရင် အေးဆေးနေပါ၊

ငါ့ကို ကျေးဇူးပြုပြီး ဘာမှမပြောပါနဲ့"

လို့ ပြောလိုက်တယ်။

ဒေါ်ရွှေနှင်းဆီရဲ့ အသစ်စက်စက် အုတ်ဂူလေး လုံးဝအပြီးသတ်သွားတဲ့အခါ ...

"အစ်မ ... နှင် ... ဘာတွေလုပ်နေတာလဲ၊

ငါ နှင့်ကို ဘာမှမပြောခဲ့ပေမယ့်

နှင့်လုပ်ရပ်တွေ သိပ်လွဲနေပြီ၊

နှင့်ကြောင့် အမေ သေဆုံးခဲ့ပြီ

အစ်မ၊ ငါ နှင့်ကို

အမေတစ်ယောက်လို သိပ်ချစ်မိတာ

သိပ်မှားခဲ့သလား အစ်မ၊

www.burmeseclassic.com

www.burmeseclassic.com



ငါ ... တကယ်စိတ်မကောင်းဘူး၊

နင် အမေ့ကို ဆက်ဆံခဲ့တာ

သိပ်ရိုင်းတယ်ဟာ”

ရွှေမိုးယံရဲ့စကားကြောင့် ရွှေဘုံစံတစ်ယောက် လှုပ်လှုပ်ရှားရှားဖြစ်သွားတယ်။

“သားငယ်လေး ... ငါဟာ

နင့်ကို အမေ့လို သိပ်ချစ်တဲ့အတွက်

သားငယ်လေးလို့ပဲ အမြဲခေါ်ခဲ့တဲ့လူပါ

မောင်လေး၊

ငါ အမေ့ကို ပြောခဲ့တဲ့အရာအားလုံးဟာ

နင့်အနာဂတ်အတွက်ပါ၊

သားငယ်လေးကို အစ်မက

သိပ်ချစ်တာလေ၊

သားငယ်လေး ... အသိုင်းအဝိုင်း

ကောင်းတဲ့မိသားစုက လူနဲ့ပဲ



လက်ဆက်စေချင်တာ အစ်မကြီးရဲ့ဆန္ဒပဲ၊

အမေ့ထက်ပိုပြီး သားငယ်လေးကို

အစ်မကြီး သိပ်ချစ်ခဲ့တာပါ၊

ဘာလို့များ သားငယ်လေးက

အစ်မကြီးကို ဒီလိုပြောရက်သလဲ၊

အစ်မကြီး တကယ်ကို စိတ်မကောင်းပါဘူး၊

ဟင့် ... ဟင့် ... ဟင့်”

အစ်မဖြစ်သူဆီက ကျလာတဲ့ မျက်ရည်စတွေကြောင့် ရွှေမိုးယံဟာ စိတ်မကောင်းဖြစ်သွားရှာတယ်။

“မငိုပါနဲ့ အစ်မရယ်၊ အမေမရှိရင်

နင်ဟာ မိခင်ပါပဲ၊

အမေ့ရဲ့မျက်ရည်တွေကို ...

မြင်ခွင့်မရသလို၊

နင့်မျက်ရည်တွေလည်း ...

ငါမမြင်ချင်ပါဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ငါ့အမှားလို့ပဲ မှတ်လိုက်ပါ၊

ငါ့ကို အမေလိုချစ်တဲ့

အစ်မကြီးတစ်ယောက်က

ငါ့ကို ဘယ်တော့မှ

မကောင်းမဖြစ်စေချင်တာ

နားလည်မိတယ်၊

နှင် မငိုနဲ့တော့နော် အစ်မ

ငါ နှင့်ကို ဘာမှမပြောတော့ဘူး”

ရွှေမိုးယံဟာ ထိုသို့ဆိုရင်း ရွှေဘုံစံရဲ့မျက်ရည်တွေကို သုတ်ပေးလိုက်တယ်။

❒❒❒

# အပိုင်း (၁၃)

www.burmeseclassic.com

www.burmeseclassic.com

"သားငယ်လေး ...

အမေ့ရဲ့ရှာပနလည်း ပြီးသွားပြီ၊

ငါတို့ ရန်ကုန်ပြန်သင့်နေပြီဆိုတာ

နင်သိလားဟင်"



ရွှေဘုံစံရဲ့အမေးကြောင့် ရွှေမိုးယံတစ်ယောက် ပန်းသပြေကို လှမ်းကြည့်ရင်း ဘာဖြေရမှန်းမသိအောင် ဖြစ်သွားတယ်။

ဒါကို ရိပ်စားမိတဲ့ ပန်းသပြေက ...

"ဟုတ်တယ် ကိုယံ ...

အစ်မပြောတာ မှန်တယ်၊

ကိုယံ ရန်ကုန်ပြန်သင့်နေပြီ၊

ကိုယ်က ကုမ္ပဏီကိစ္စ

ဘာမှတာဝန်မယူထားပေမယ့်

အစ်မကြီးက အလုပ်တွေ ရှိသေးတယ်လေ၊

ရန်ကုန်ပြန်ကြစို့ ကိုယံရယ်နော်"

လို့ ပြောလိုက်တယ်။

ရွှေမိုးယံက သက်ပြင်းချမိရင်း ...

"ပန်းရဲ့ဆန္ဒက ကိုယ့်ဆန္ဒပါပဲ ပန်း၊

ကိုယံကတော့ အမေ့ရဲ့အသက်ထွက်ခဲ့တဲ့

www.burmeseclassic.com

www.burmeseclassic.com



ဟောဒီအိမ်မှာ နေချင်သေးတာပဲ၊

ဒါပေမဲ့ ... လူဆိုတာ ကိုယ်ဖြစ်ချင်တာထက်

ဖြစ်သင့်တာကို ဦးစားပေးရမယ်လို့

အမေက အမြဲပြောဖူးတယ်၊

အစ်မဆန္ဒအတိုင်းပါပဲ"

လို့ ပြောလိုက်တယ်။

ရွှေဘုံစံက အေးစက်စက်အမူအရာနဲ့ ရွှေမိုးယံရဲ့ပခုံးကို ဖက်ရင်း ...

"နင် ကလေးမဟုတ်တော့ဘူး

သားငယ်လေး၊

အိမ်ထောင်လည်း ကျနေပြီလေ၊

ရန်ကုန်ရောက်တာနဲ့ ကုမ္ပဏီမှာ

နင်လုပ်ရမယ်၊

အလုပ်အားလုံးကို ငါလွှဲပေးမယ်၊

ဟုတ်ပြီလား သားငယ်လေး"



လို့ ပြောလိုက်တဲ့အခါ ရွှေမိုးယံဟာ အစ်မဖြစ်သူကို မော်ကြည့်ပြီး ...

"အစ်မရယ် ... နင်ဟာ မိခင်လိုပဲ၊

မောင်တွေအပေါ်မှာ သိပ်ကောင်းတဲ့လူပါ၊

နင့်ကို ဘယ်သူတွေ ဘာပြောပြော

နင့်ရဲ့မကောင်းကြောင်းပြောရင်

ငါ လုံးဝလက်မခံနိုင်ဘူး၊

ရွှေဘုံစံဆိုတဲ့ အစ်မဟာ

အစ်မကြီးအမိရာ သိပ်ပီသတဲ့

မိန်းမတစ်ယောက်ပါ"

လို့ ပြောလိုက်တယ်။

ရွှေဘုံစံတစ်ယောက် ရွှေမိုးယံရဲ့စကားကြောင့် အမိပ္ပာယ် ပါစွာ ပြုံးလိုက်မိတယ်။

"ဟင်း ... ဟင်း ... ဟင်း ...

ရွှေမိုးယံ ... နင့်ရဲ့ ဘာမှနားမလည်တဲ့

www.burmeseclassic.com

www.burmeseclassic.com



ယုန်သူငယ်လိုစိတ်ဓာတ်ကို အခွင့်ကောင်းယူပြီး

ငါ ဘာလုပ်မလဲဆိုတာ စောင့်ကြည့်စမ်း၊

ရွှေဘုံစံဆိုတဲ့ မိန်းမဟာ

သူလိုချင်တဲ့ အရာအားလုံး

ရအောင်ယူတာ၊

အခု ... နင့်ဆီက ငါလိုချင်တာ

တစ်ခုတည်းပဲ၊

နင်နဲ့ပန်းသပြေကွဲဖို့ကိစ္စ၊

တွေ့ကြသေးတာပေါ့ ရွှေမိုးယံ"

"အစ်မ ... နင် ငါပြောတာရော

ကြားရဲ့လား၊

ဘာတွေ တွေးနေတာလဲ အစ်မ"

ရွှေမိုးယံရဲ့အပြောကြောင့် ရွှေဘုံစံဟာ ဟန်ဆောင်ပြုံး

လိုက်ရင်း ...

"ဖြစ်ပြီးတာတွေအားလုံးက ပြီးသွားပြီပဲ



သားငယ်လေး၊ ဒီတော့ ...

အစ်မတို့အားလုံး ရန်ကုန်ပြန်မှ

ဖြစ်မယ်လေ ... နော်"

လို့ ပြောလိုက်တယ်။

ရွှေမိုးယံက အစ်မဖြစ်သူကို မျက်လုံးပြူးကြည့်ရင်း

ခေါင်းခါယမ်းလိုက်တယ်။

"သေချာရဲ့လား အစ်မရယ်၊

အစ်မကြောင့် ကျွန်တော့်ရဲ့မင်္ဂလာပွဲ

ပျက်ခဲ့သလို အစ်မဟာ ကျွန်တော့်ရဲ့

မင်္ဂလာပွဲကို ဖျက်ခဲ့တဲ့သူပဲ၊

အရာအားလုံး အစ်မအတွက်

ပြီးသွားပြီဆိုတာ သေချာရဲ့လား

အစ်မရာ"

ရွှေမိုးယံရဲ့ ရုတ်တရက်မေးလိုက်တဲ့အမေးကြောင့် ရွှေ

ဘုံစံတစ်ယောက် ကြောင်အမ်းသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



"သားငယ်လေးရယ် ... အစ်မက ...
မင်္ဂလာပွဲကို ဖျက်ခဲ့တယ်ဆိုတာ
ငါ့မောင်လေးကို သိပ်ချစ်လွန်းလို့ပါ၊
မောင်လေးက ဥစ္စာပေါ ရုပ်ချောသလို၊
မျိုးတိုင်းကြိုက်တဲ့ နှင်းဆီခိုင်မဟုတ်လား၊
ပန်းသပြေဆိုတဲ့ မိန်းကလေးက
ငါ့မောင်လေးနဲ့ ယှဉ်လိုက်ရင်
ဖွဲနဲ့ဆန်ကွဲလို သိပ်ကွာခြားတယ်လေ၊
ရွှေဘုံစံဆိုတဲ့ အစ်မကြီးရဲ့မေတ္တာတရားကို
သားငယ်လေး နားလည်သင့်ပါတယ်၊
အပျိုကြီးဖြစ်တဲ့ ရွှေဘုံစံဟာ
သူ့ရဲ့မောင်ငယ်လေးကို သေမတတ်
ချစ်မြတ်နိုးတာ အစ်မမှာ
အပြစ်ရှိသလား မောင်လေးရယ်"
ရွှေဘုံစံရဲ့စကားကြောင့် ရွှေမိုးယံဟာ အစ်မဖြစ်သူရဲ့



ရင်ခွင်ထဲ တိုးဝင်လိုက်ပြီး ...
"ကျွန်တော်လည်း ဒီလိုပဲ
ထင်ပါတယ် အစ်မရယ်၊
အစ်မကြီး အမိရာဆိုတဲ့ စကားအတိုင်း
အမေမရှိတော့ပေမယ့် ကျွန်တော်တို့အတွက်
အစ်မဟာ မိခင်ပါပဲ၊
စိတ်ချ အစ်မ၊
အစ်မဖြစ်ချင်တဲ့ဆန္ဒအားလုံး
ကျွန်တော် ဖြည့်ဆည်းပေးမယ်၊
ကျွန်တော်တို့ ရန်ကုန်ကို ပြန်ကြတာပေါ့ဗျာ"
လို့ ဖြေလိုက်တယ်။

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၄)

ရန်ကုန်မြို့ရှိ နာမည်ကြီး အိမ်ရာဝင်းကြီးတစ်ခုထဲ ဖိမ်ခံကားတစ်စီး မောင်းဝင်သွားတယ်။

အိမ်ရာဝင်းရဲ့အစွန်ရှိ ခြံရှေ့ကားရပ်သွားတာနဲ့ ခြံစောင့်က တံခါးကို အပြေးလာဖွင့်ပေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



စင်ဝင်အောက် ကားရပ်ပြီးတဲ့အခါ ကားပေါ်က လူတွေဆင်းလာကြတယ်။

ရွှေမိုးယံက ပန်းသပြေရဲ့ပခုံးကိုဖက်ရင်း ...

"ဒါက ကိုယ်တို့အိမ်ပဲ ပန်းရဲ့၊

ခုချိန်ကစပြီး ဒီအိမ်ဟာ

ပန်းရဲ့အိမ်ဖြစ်သွားပြီ၊

လာ ... အထဲသွားရအောင် ပန်း"

လို့ပြောဆိုပြီး နှစ်ထပ်တိုက်ကြီးထဲ ခေါ်သွားတယ်။

ကားပေါ်က နောက်ဆုံးဆင်းလိုက်တဲ့ ရွှေဘုံစံ။

ပခုံးဖက်ရင်း အိမ်ထဲဝင်သွားတဲ့ ရွှေမိုးယံတို့ရဲ့ကျောပြင်ကို စိုက်ကြည့်လိုက်တယ်။

"ပန်းသပြေဆိုတဲ့ တောသူမ၊

ဟောဒီအိမ်ထဲကို ခြေချမိတာနဲ့

နင့်အတွက် ငရဲတွင်း စရောက်ပြီလို့

မှတ်လိုက်စမ်း၊



ငါ့နာမည် ရွှေဘုံစံ၊

ရွှေဘုံစံရဲ့ဘဝမှာ ဖြစ်ချင်တာ

ဖြစ်ခွင့်မရှိရဘူးဆိုတာ

လုံးဝ မဖြစ်စေရဘူး၊

ဟင်း ... ဟင်း ... ဟင်း"

ရွှေဘုံစံတစ်ယောက် နှုတ်က ရေရွတ်ပြီး မဲ့ပြုံး ပြုံးလိုက်တယ်။

ဒီအချိန်မှာပဲ သူမရဲ့လက်ကိုင်ဖုန်းက တီးလုံးသံ ထွက်လာတဲ့အတွက် လက်ကိုင်အိတ်ထဲက ဟန်းဖုန်းကို ထုတ်လိုက်တယ်။

'ဟယ်လို' ... လို့ ထူးလိုက်ပြီးတဲ့နောက်မှာတော့ ...

"အမယ်လေး သူငယ်ချင်းရယ် ...

နင်က ငါ့ရဲ့အချစ်ဆုံးသူငယ်ချင်းဖြစ်ပြီး

ပြန်ရောက်နေတာတောင် အကြောင်းမကြားဘူး၊

ငါ နင်နဲ့ သိပ်တွေ့ချင်တယ် မိဘုံ၊

www.burmeseclassic.com



ခုချက်ချင်း ... နင် ငါနဲ့

လာတွေ့ပေးပါဟာ၊

သိပ်အရေးကြီးလို့ပါ သူငယ်ချင်းရယ်၊

ဒါပဲနော်"

သူမရဲ့သူငယ်ချင်း အရင်းအချာ ဝတ်ရည်။

ဝတ်ရည်က သူမ,ပြောချင်တာတွေ ဖွက်ပြောပြီး ဖုန်းချသွားတယ်။

ဝတ်ရည်လိုလူစားမျိုးက တော်ရုံကိစ္စကို ဒီလို ဘယ်တော့မှ ဖုန်းမဆက်တတ်ဘူး။

သူမရဲ့အကူအညီ ဝတ်ရည်လိုအပ်နေတာ သိပ်သေချာဘယ်။

ဒါ့ကြောင့် ကားကို စင်ဝင်အောက်ကနေ ဂိုဒေါင်ထဲသိမ်းဖို့ပြင်နေတဲ့ ဒရိုင်ဘာကို လှမ်းပြီး ...

"နေဦး ... ကားမသိမ်းနဲ့ဦး၊

ကျွန်မ အပြင်သွားစရာရှိတယ်"



လို့ ဟန့်တားလိုက်တယ်။

ဒရိုင်ဘာက နေရာက မဆင်းတဲ့အတွက် ...

"ရှင် မလိုအပ်ဘူး၊

ကျွန်မဘာသာပဲ သွားမယ်၊

ဆင်းတော့"

ရွှေဘုံစံဟာ ဒရိုင်ဘာကို ဆင်းခိုင်းပြီး ကားပေါ်တက်ထိုင်လိုက်တယ်။

သူမ ... သူငယ်ချင်းဝတ်ရည်နေထိုင်ရာ ယောက်လမ်းရှိ ကွန်ဒိုဆီ ကားကို ဦးတည်လိုက်တယ်။

ယာဉ်ကြောပိတ်ဆို့မှုတွေကြောင့် ကားမောင်းချိန် နှစ်နာရီနီးပါးလောက်မှ ယောက်လမ်းကို သူမ ရောက်ရှိသွားတယ်။

သူမဟာ ကားပါကင်မှာ ရပ်နားပြီး ဓာတ်လှေကားခလုတ်ကို နှိပ်လိုက်တယ်။

ဝတ်ရည်နေတာက ဆယ်လွှာမှာ မဟုတ်ပါလား။

အခန်းရှေ့ရောက်တော့ ဘဲလ်ကို တီးနှိပ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဝတ်ရည်က တံခါးလာဖွင့်ပေးပြီး သူမကို မျက်နှာငယ်လေးနဲ့ ပြေးဖက်လာတယ်။

"မိဘုံရယ် ... နင် စင်ကာပူသွားတဲ့

တစ်လလောက်အချိန်မှာ ...

ငါ ဘာတွေဖြစ်နေလဲ နင်သိရဲ့လား၊

ဟင့် ... ဟင့် ... ဟင့်"

မြင်မြင်ချင်း မျက်ရည်နဲ့ ဆီးကြိုလိုက်တဲ့ သူငယ်ချင်းကြောင့် ရွှေဘုံစံ အံ့အားသင့်သွားမိတယ်။

ဒါ့ကြောင့် ဆိုဖာဆက်တီရှိရာ တွဲခေါ်သွားရင်း ထိုင်စေတယ်။

"နင် ဘာလို့ ဒီလောက်ငိုနေသလဲ

ဝတ်ရည်၊

ငါမရှိတဲ့ အချိန်လေးမှာ

ဘာတွေဖြစ်နေလို့လဲ၊

နင့်ယောကျ်ားရော"



ဝတ်ရည်ရဲ့ငိုရှိုက်သံက ပိုမိုကျယ်လောင်သွားတယ်။

"ဟင့် ... ဟင့် ... ဟင့် ...

သူ ငါ့အနားမှာမရှိတာ

တစ်လပြည့်တော့မယ်ဟ၊

ငါ ဖုန်းဆက်ရင်လည်း စက်ပိတ်ထားတယ်၊

ငါ ... ငါ ... သူ့အပေါင်းအသင်းတွေဆီ

စုံစမ်းကြည့်တော့ မာဆက်က ...

မာဆက်က ကောင်မလေးတစ်ယောက်နဲ့

အသည်းအသန်ကြီး ငြိနေတယ်လို့

သတင်းရတယ်၊

ဟင့် ... ဟင့် ... ဟင့် ... ဟင့်"

ဝတ်ရည်ရဲ့အပြောကြောင့် ရွှေဘုံစံဟာ အကြီးအကျယ်အံ့အားသင့်သွားရတယ်။

"ဘာ ... ဘယ်လို၊

ရန်နိုင်က အနှိပ်ခန်းက

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးနဲ့ ဖြစ်နေတယ်

ဟုတ်လား၊

နင်တို့က ငယ်လင်ငယ်မယားတွေပဲဟာ

ဒီကောင် ဒီလိုလုပ်ရက်တာ

သိပ်အံ့သြဖို့ ကောင်းတယ်၊

ဒါ ... လုံးဝမဖြစ်သင့်တဲ့ကိစ္စပဲ၊

တောက်"

"ဟုတ်တယ် မိဘုံ၊

ငါလည်း ကြားကြားချင်း

လုံးဝလက်ခံလို့ မရခဲ့ဘူး၊

ဒါပေမဲ့ ... ရန်နိုင် ...

ငါ့ကို ထားခဲ့တာ သေချာတယ်ဟ၊

ငါ ဘယ်လိုမှ ဆက်သွယ်လို့မရဘူး၊

တစ်ခါတလေ သူ့ဖုန်းခေါ်လို့

ဝင်သွားရင်တောင် ...



မိန်းကလေးအသံနဲ့ ငါ့ကို

ဖုန်းမှားနေတယ်လို့ ပြောလွှတ်သေးတယ်၊

ငါ ... ငါ ... အရမ်းစိတ်ညစ်တယ်

မိဘုံ"

ဝတ်ရည်တစ်ယောက် ပြောဆိုရင်း ရှိုက်ကြီးတငင်ငိုကြွေးပြန်တယ်။

ရွှေဘုံစံက သူမရဲ့ပခုံးကို ပွတ်သပ်ပေးရင်း ...

"ငါ ဘာလုပ်ပေးရမလဲ ဝတ်ရည်၊

နင် ဘာဖြစ်ချင်သလဲ၊

ငါ့ကို ပြောစမ်းပါ၊

ရန်နိုင်ဟာ သစ္စာမရှိတဲ့ကောင်ပဲဟာ"

လို့ မချိဒေါသနဲ့ ပြောလိုက်မိတယ်။

ဝတ်ရည်က မျက်ရည်စတွေကို လက်နဲ့သုတ်ရင်း သူ့ကို မော်ကြည့်တယ်။

"ငါ လိပ်စာတစ်ခုရထားတယ် မိဘုံ၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေရာကို ငါ

တစ်ယောက်တည်း မသွားရဲလို့

နင့်ကို ဖုန်းဆက်ခေါ်ရတာပါ၊

အဲ ... အဲဒါက ...

ခုချိန်မှာ ထိတ်ထိတ်ကြဲနာမည်ကြီးနေတဲ့

အကြားမြင်ဆရာကြီး ဦးစိုင်းဖေပဲ၊

သူ့ဆီကို ငါ သွားချင်တယ်၊

နင် လိုက်ခဲ့ပေးပါဟာ"

❒ ❒ ❒

## အပိုင်း (၁၅)

www.burmeseclassic.com

www.burmeseclassic.com

**ရွှေဘုံစံနဲ့ဝတ်ရည်ဟာ** ဖိုးစိန်လမ်းဘက်မှာရှိတဲ့ ဆရာကြီးစိုင်းဇေရဲ့ခြံကြီးဆီ ရောက်ခဲ့ကြတယ်။

ဒါပေမဲ့ ... သူမတို့မျှော်လင့်ထားသလို ချက်ချင်း တွေ့ ခွင့်မရဘဲ ...



"ဆရာကြီးနဲ့ တွေ့ချင်ရင်
ရက်ချိန်း ကြိုယူရပါတယ်
အစ်မတို့၊ ဆန္ဒရှိမယ်ဆိုရင်တော့
ရက်ချိန်းယူသွားလို့ရပါတယ်၊
ရက်ချိန်းနဲ့အတူတကွ ညထဲပူဇော်ခကိုပါ
တစ်ခါတည်း ပေးခဲ့ရမှာ
ဖြစ်ပါတယ် ခင်ဗျ"

စာရေးကောင်လေးရဲ့အပြောကြောင့် ရွှေဘုံစံတစ်ယောက် မျက်မှောင်ကြုတ်သွားရတယ်။

ဒါပေမဲ့ ... ဝတ်ရည်က အားတက်သရောဟန်နဲ့ ...

"ရပါတယ် မောင်လေး၊
အစ်မ ရက်ချိန်းပဲ ယူပါ့မယ်၊
ပူဇော်ခလည်း တစ်ခါတည်း
ပေးခဲ့ပါ့မယ်"

လို့ ပြောလိုက်တဲ့အခါ စာရေးကောင်လေးက စာရင်း

www.burmeseclassic.com

www.burmeseclassic.com



စာအုပ်ထူကြီးကို ဖွင့်ပြီး ...

"ဟုတ်ကဲ့ ခင်ဗျ၊

ဒါဆိုရင်တော့ ...

အစ်မရဲ့တိုကင်နံပါတ်က ၂၀၆ ပါ၊

နံပါတ် ၂၀၆ ရဲ့အလှည့်က

နောက်တစ်ပတ်ပြည့်တဲ့နေ့

ကျရောက်ပါလိမ့်မယ် ခင်ဗျ၊

အစ်မရဲ့နာမည်လေး တဆိတ်လောက်ပါ"

ဝတ်ရည်က နာမည်ပေးသွင်း ရက်ချိန်းယူလိုက်ပြီးတဲ့အခါ ကောင်လေးက ...

"ဉာဏ်ပူဇော်ခအတွက် တစ်သိန်း

ကျပါတယ် ခင်ဗျ၊

ဒါဟာ ... လိုအပ်ရင် ပြုလုပ်ပေးရတဲ့

ယတြာကြေးအားလုံး ပါဝင်ပြီးသားပါ

ခင်ဗျ"



ကောင်လေးရဲ့အပြောကြောင့် ဝတ်ရည်ကိုယ်တိုင် မျက်လုံးပြူးသွားရတယ်။

ဒါပေမဲ့ ... ရက်ချိန်းယူထားပြီးဖြစ်တဲ့အတွက် တုန်ယင်တဲ့လက်နဲ့ပဲ ငွေတစ်သိန်း ထုတ်ပေးလိုက်မိတယ်။

အပြန်လမ်းရောက်တဲ့အခါ ရွှေဘုံစံက ကားမောင်းနှင်ရင်း ...

"နင့်ဆရာကြီးက တကယ်ရော

စွမ်းပါ့မလားဟယ်၊

ရက်ချိန်းယူရုံလေးနဲ့ ငွေတစ်သိန်း

ပစ်ပေးခဲ့ရတဲ့ ဆရာမျိုး

ငါ မကြားဖူးဘူး ဝတ်ရည်၊

ငါ စိုးရိမ်တာကလေ ...

ရန်နိုင်နဲ့ပတ်သက်ပြီး

ဖြစ်ချင်ဖောနဲ့ နင်အမှား

လုပ်မိမှာ ငါ စိုးရိမ်နေတယ်"

www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောလိုက်တယ်။

ဝတ်ရည်က အပြုံးနဲ့ ခေါင်းခါယမ်းလိုက်တယ်။

"ဆရာကြီးစိုင်းဇေကို အဲလိုမြင်ရင်

သိပ်မှားသွားပြီ မိဘုံ၊

ဘာ့ကြောင့်လဲဆိုတော့ ...

ငါ့ကို လမ်းညွှန်ခဲ့တဲ့သူက

ဆရာကြီးစိုင်းဇေရဲ့အစွမ်းကို

မျက်မြင်တွေ့ခဲ့ရသူပဲဟ၊

အဲဒါ ... တခြားလူမဟုတ်ဘူး၊

ငါ့ရဲ့အစ်မအရင်းပဲဟ၊

ငါ့အစ်မဟာ သိပ်ကိုအယုံလွယ်တဲ့

လူတစ်ယောက်လေ၊

သူ့အကြောင်းကိုသိတဲ့ ဓာတ်သိကပဲ

သူ့ကို ငွေတွေ သိန်းခြောက်ရာကျော်

လိမ်သွားခဲ့တယ်၊



ငါ့အစ်မလည်း အရူးမီးဝိုင်းသလို

အတော့်ကို သောကများခဲ့ရရှာတယ်၊

ဆရာကြီးစိုင်းဇေနဲ့ တွေ့တဲ့အခါ

ဆရာကြီးက သူ့ကို

အစီအရင်တွေ ပေးခဲ့တယ်၊

ရေနစ်တဲ့လူဟာ ကောက်ရိုးတစ်မျှင်လည်း

အားကိုးရာပဲ မိဘုံရဲ့၊

ငါ့အစ်မလည်း ဆရာကြီးစိုင်းဇေရဲ့

အစီအရင်တွေကို အတိအကျ

လိုက်နာပြီး လိုက်လုပ်ခဲ့တယ်၊

ဆရာကြီးနဲ့တွေ့ပြီး လိုက်လုပ်ခဲ့တယ်၊

ဆရာကြီးနဲ့တွေ့ပြီး တစ်လပြည့်တဲ့နေ့မှာပဲ

ငွေလိမ်သွားတဲ့လူကို ပြန်တွေ့သလို

ငွေတွေလည်း အားလုံးပြန်ရခဲ့တယ် မိဘုံ၊

ပညာကြေးအတွက် ပူဇော်လိုက်ရတာက

www.burmeseclassic.com

www.burmeseclassic.com



နင်တို့ ငါတို့အတွက်
ဈေးတစ်ခါထွက်ဝယ်တဲ့ ငွေကြေးပါ၊
ငွေတစ်သိန်းဆိုတဲ့ ပမာဏာကဟာ ...
ဒါပေမဲ့ ... ကိုယ်ရင်းလိုက်ရတဲ့
ပူဇော်ခထက် အကျိုးရှိတယ်ဆိုတော့
ငါတော့ လုံးဝယုံကြည်တယ်၊
ဒါ့ကြောင့် ... နမြော်ပေမယ့်
ငါ ရက်ချိန်းယူပြီး
ပူဇော်ခပေးခဲ့ရတာပဲ မိဘုံ၊
ငါ ... ဆရာကြီးစိုင်းဇေကို
သိပ်ယုံတယ်ဟ”

ယုံကြည်မှု သိပ်ထက်သန်နေတဲ့ ဝတ်ရည်ရဲ့စကားကြောင့် ရွှေဘုံစံတစ်ယောက် ဘာမှထပ်မမေးဖြစ်ဘူး။

ကားကိုသာ အာရုံစိုက်ပြီး မောင်းနှင်နေမိတယ်။

ဝတ်ရည်ရဲ့ကွန်ဒိုခန်းအောက်ရောက်တဲ့အခါ ဝတ်ရည်



ကို နှုတ်ဆက်ပြီး သူမ ပြန်ခဲ့တယ်။

ဒီအချိန်မှာပဲ သူမရဲ့ဟန်းဖုန်းက အသံမြည်လာတယ်။

ကြည့်လိုက်တော့ ... ရွှေမိုးယံရဲ့နံပါတ်။

ဒါ့ကြောင့် ဖုန်းကို ကောက်ကိုင်လိုက်တယ်။

“အစ်မ ... နင် ဘယ်တွေသွားနေတာလဲ၊
အိမ်ပြန်ရောက်တည်းက အိမ်မှာ
နင့်ကို မတွေ့ရဘူး၊
နင် အိမ်ကို အမြန်ပြန်လာပါ၊
ငါတို့အားလုံး ပျော်ရမယ့်ကိစ္စလေး
ငါ စီစဉ်ထားတယ်ဟ”

“အိုကေ ... မောင်လေး၊
ငါ အခု ပြန်လာနေပြီ ...
နင် စိတ်မပူနဲ့၊
ဆီးယူနော်”

သူမ ထိုသို့ပြောရင်း ဖုန်းခလုတ်ကို ပိတ်ပစ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ကားရှေ့ကို ကြည့်နေတဲ့ ရွှေဘုံစံရဲ့မျက်လုံးတွေ ပိုပြီး စူးရှသွားသလို မဲ့ပြုံးတစ်ချက် ...

ပြုံးလိုက်မိတယ်။

❒❒❒

# အပိုင်း (၁၆)

www.burmeseclassic.com

www.burmeseclassic.com

ခြံရှေ့ ကားရပ်လိုက်တာနဲ့ တစ်ပြိုင်နက် မှောင်
အတိပြီးနေတဲ့ အိမ်ကြီးကိုကြည့်ပြီး ...

"ဟာ ... ဘာဖြစ်တာလဲ၊

မီးပျက်ရင် မီးစက်မောင်းရမယ့်ကိစ္စကို၊



မီးစက်ဖွင့်ဖို့တောင် မေ့လောက်အောင်

ဘာတွေလုပ်နေကြပါလိမ့်"

အတွေးနဲ့အတူ ကားဟွန်းကို မရပ်မနား တီးလိုက်တယ်။

ခြံစောင့်က တံခါးလာဖွင့်ပေးတဲ့အခါ ကားကို ခြံထဲ တစ်ရှိန်ထိုးမောင်းဝင်လိုက်တယ်။

စင်ဝင်အောက် ကားထိုးရပ်လိုက်ပြီး ကားပေါ်က ဆင်းလိုက်တာနဲ့ တစ်ပြိုင်နက် တစ်ခြံလုံး မီးတွေလင်းထိန်သွားတယ်။

"ဖျောင်း ... ဖျောင်း ... ဖျောင်း"

ညံညံစီသွားတဲ့ လက်ခုပ်သံနဲ့အတူ ...

"ဟက်ပီးဒေး ... ဟက်ပီးနိုင်ပါ အစ်မ"

အဝတ်အစားအသစ်နဲ့ ပြုံးပြီးပြောလိုက်တဲ့ ရွှေမိုးယံ။

ကျန်တဲ့အိမ်သားတွေပါ သူ့မအနား ရောက်လာကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေလုပ်နေတာလဲ မောင်လေး၊

ငါလည်း ဘာမှမသိရပါလားဟင်"

သူမရဲ့အမေးကို ရွှေမိုးယံက ...

"အစ်မကို အံ့သြသွားအောင်

ကြိုဆိုလိုက်တာပါဗျ၊

ဒီနေ့က ကျွန်တော့်ရဲ့သတို့သမီး

ဒီအိမ်ကြီးကို စရောက်တဲ့နေ့လေ၊

ဒါ့ကြောင့် ... မင်္ဂလာအထိမ်းအမှတ်လေး

လုပ်လိုက်တာပါ၊ လာပါ အစ်မ ...

ငါတို့အားလုံး နင့်ကို စောင့်နေကြတာ၊

ကိတ်လှီးရအောင်"

ရွှေမိုးယံက သူမရဲ့ပခုံးကိုဖက်ပြီး ခြံထဲရှိ အသင့်ပြင်ထားတဲ့ စားပွဲဆီ ခေါ်သွားတယ်။

သူမ မလှုပ်မယှက်ဘဲ လိုက်သွားမိတယ်။

စားပွဲဝိုင်းမှာတော့ သိပ်လှတဲ့ ကိတ်မုန့်ကြီးက အသင့်



ဆီးကြိုနေတယ်။

ရွှေမိုးယံက သူမကို ဓားလှမ်းပေးရင်း ...

"အစ်မ ... နင်က ငါတို့အတွက်

အမေနေရာ ရောက်သွားတဲ့သူပါ၊

ဒါ့ကြောင့် ... ဒီအိမ်ရဲ့အိမ်ထောင်ဦးစီးဖြစ်တဲ့

နင်ကပဲ ကိတ်မုန့်ကို လှီးပေးသင့်တယ်"

လို့ ပြောလိုက်တဲ့အခါ ဓားကို လှမ်းယူလိုက်တဲ့ ရွှေဘုံစံရဲ့မျက်လုံးတွေ ရှုံးရှသွားတယ်။

သူမဟာ ကိတ်မုန့်ပေါ် ဓားတင်လိုက်ရင်း ...

"ရွှေဘုံစံဆိုတဲ့ ငါက ... ဓားနဲ့

ကိတ်မုန့်ကို ခွဲချင်တာမဟုတ်ဘူး

ရွှေမိုးယံ၊ ဟောဒီဓားနဲ့

နင့်မိန်းမရဲ့ရင်ဝကို ဆောင့်ထိုးချင်တာ၊

ရွှေမိုးယံကို ယူလိုက်ပြီဆိုကတည်းက

ပန်းသပြေဟာ ရွှေဘုံစံကို

www.burmeseclassic.com

www.burmeseclassic.com



စိန်ခေါ်လိုက်ပြီ၊ နင်တို့အားလုံး

စောင့်ကြည့်ကြစမ်းပါ"

လို့ စိတ်တွင်းက ကြုံးဝါးလိုက်တယ်။

"အစ်မ ... နင် ဓားကြီးကိုင်ပြီး

ဘာလုပ်နေတာလဲ၊ ငါတို့အားလုံး

ကိတ်စားချင်နေပြီဟ၊ ကိတ်လှီးလိုက်တော့လေ"

ရွှေမင်းဂံရဲ့အပြောကြောင့် ရွှေဘုံစံဟာ သတိပြန်ဝင်လာတယ်။

ဟန်ဆောင်အပြုံးနဲ့ ပြုံးရင်း ကိတ်မုန့်ကို လှီးလိုက်တော့တယ်။ ပြီးတော့ ကိတ်မုန့်ကို လူအားလုံးကို ခွဲ့ကျွေးလိုက်တယ်။

ရွှေဘုံစံရဲ့အတွင်းစိတ်ကို မသိတဲ့သူတွေဟာ ပြုံးပျော်တဲ့မျက်နှာတွေနဲ့ ကိတ်မုန့်ကို မြိန်ရည်ယှက်ရည် စားသောက်လိုက်ကြတယ်။

□□□

# အပိုင်း (၁၇)

www.burmeseclassic.com

www.burmeseclassic.com

## မနက်ခြောက်နာရီခွဲအချိန် ...

ဟန်းဖုန်းက မြည်လာတဲ့သီချင်းသံကြောင့် ရွှေဘုံစံဟာ အိပ်မှုန်စုံမွှားနဲ့ ဖုန်းကို ကိုင်လိုက်မိတယ်။

"ဟဲ့ ... မိဘုံ၊



နင်ဟာလေ အချစ်ဆုံးသူငယ်ချင်းဖြစ်တဲ့
ငါ့ကိစ္စကိုတောင် နည်းနည်းလေးမှ
သတိမရှိဘူးဟာ"
ကြားလိုက်ရတဲ့အသံက ဝတ်ရည်ရဲ့အသံ။
ဒါ့ကြောင့် အိပ်ချင်စိတ် ပျောက်သွားပြီး ...
"အင်း ... ဝတ်ရည်၊
အစောကြီး ငါ့ကို ဘုတောနေပါလား၊
နင် ဘာတွေဖြစ်နေပြန်ပြီလဲဟာ"
လို့ စိတ်ရှုပ်ထွေးစွာ မေးလိုက်မိတယ်။
"ဟ ... နင် မေ့နေပြီလား၊
ဒီနေ့ ဆရာကြီးစိုင်ဇေဆီမှာ
ရက်ချိန်ယူထားတာ တစ်ပတ်ပြည့်ပြီဟ၊
ခုနကပဲ ... စာရေးကောင်လေး
ဖုန်းဆက်တယ်၊ ရှစ်နာရီမှာ
ငါ့ရဲ့ဘွတ်ကင်အလှည့်တဲ့၊

www.burmeseclassic.com

www.burmeseclassic.com



နင် ငါ့ဆီ အမြန်လာသင့်တယ်လို့

မထင်ဘူးလား၊

ဒါ့ကြောင့် ... နင့်ကို ငါ နှိုးလိုက်တာ"

ဝတ်ရည်ရဲ့အပြောကြောင့် သူမ မျက်လုံးကျယ်သွားပြီး

"ဟုတ်လား ဝတ်ရည် ...

ငါလာပေးမယ်၊

နင်သာ အသင့်ပြင်ပြီး စောင့်နေ၊

အပေါ်တော့ မတက်တော့ဘူးဟာ၊

ကွန်ဒိုအောက်ရောက်ရင် နင်ဆင်းလာခဲ့၊

လမ်းကျပ်မှာစိုးလို့"

သူမ ထိုသို့ပြောရင်း ဖုန်းကိုချလိုက်တယ်။

ပြီးတော့ မျက်နှာသစ်၊ ရေချိုးပြီး အဝတ်အစားလဲလှယ်လိုက်တယ်။

သူမဟာ ကားကို ဂိုဒေါင်ထဲက ကိုယ်တိုင်ထုတ်ပြီး ဝတ်ရည်ရဲ့ကွန်ဒိုဘက် ထွက်ခဲ့တော့တယ်။



ကွန်ဒိုအောက်ရောက်တဲ့အခါ ဝတ်ရည်ထံ ဖုန်းဆက်လိုက်တယ်။

အချိန်က ခုနစ်နာရီခွဲကျော်သွားချေပြီ။

ဝတ်ရည်တစ်ယောက် အူယားဖားယား ဆင်းလာတယ်။

ကားတံခါးကို ဆွဲဖွင့်ဝင်ထိုင်ရင်း ...

"အမြန်မောင်းတော့ မိဘုံ၊

တော်ကြာ ဘွတ်ကင်လွတ်သွားရင်

နောက်ထပ် အသစ်ယူနေရမယ်"

လို့ ဇောကြီးစွာ ပြောလာတယ်။

ရွှေဘုံစံဟာ လမ်းကြောင်းရှင်းမယ့်လမ်းကိုရွေးပြီး ဖိုးစိန်လမ်းဘက် ဦးတည်လိုက်တယ်။

ရှစ်နာရီအတိမှာပဲ ဆရာကြီးစိုင်းဇေရဲ့ခြံထဲ ရောက်သွားတော့တယ်။

"မဝတ်ရည် ... မဝတ်ရည် ...

တုံကင် ၂၀၆ ရှိပါလားဗျ"

www.burmeseclassic.com

www.burmeseclassic.com



တိုက်ကြီးထဲ ဝင်ဝင်ချင်း ကြားလိုက်ရတဲ့ စာရေးရဲ့ခေါ်သံကြောင့် ...

"ရောက်ပြီ မောင်လေး၊

အစ်မက တံကင် ၂၀၆ ပါ"

လို့ ဝတ်ရည်က အလျင်အမြန် ပြောလိုက်တယ်။

ရွှေဘုံစံဟာ ဝတ်ရည်ရဲ့နောက်က လိုက်လာရင်း ပတ်ဝန်းကျင်ကို အကဲခတ်လိုက်မိတယ်။

ဆရာကြီးစိုင်းဇေနဲ့တွေ့ဖို့ စောင့်စားနေတဲ့လူတွေ အယောက်ငါးဆယ်လောက် ရှိလိမ့်မယ်။

ဒါ့ကြောင့် ဆရာကြီးစိုင်းဇေရဲ့တစ်နေ့တာဝင်ငွေကို တွက်မိရင်း အံ့အားသင့်သွားသလို ...

ဒီလောက် လူအများကြီးကို ဟောပြောနိုင်တဲ့အတွက်လည်း အံ့သြမိရတယ်။

စာရေးလေးက ခန်းဆီစအနက်ရောင်ကြီးချထားတဲ့ အခန်းကို ညွှန်ပြရင်း ...



"ဝင်သွားလို့ရပါပြီ အစ်မ"

လို့ ပြောတဲ့အတွက် သူမတို့ အခန်းထဲဝင်သွားမိတယ်။

အနက်ရောင်ခန်းဆီးစကို ဆွဲဖယ်ပြီး ဝင်လိုက်ချိန်မှာပဲ အေးစက်တဲ့ အအေးဒဏ်နဲ့အတူ သိမ်မွေ့တဲ့ ရေမွှေးနံ့ကိုပါ ရှူရှိုက်လိုက်မိတယ်။

ခရမ်းရောင် မီးရောင်မှိန်မှိန်လေး လင်းနေတဲ့အခန်း။

အခန်းတစ်ခုလုံး ရှင်းလင်းနေပြီး ဘယ်ဂျီယံကော်ဇော ကြီးတစ်ချပ်သာ ရှိတယ်။

ကော်ဇောပေါ် ခြေချမိရုံနဲ့ ခြေထောက်ရဲ့အထိအတွေ့ကြောင့် ကော်ဇောကြီးရဲ့တန်ဖိုးကိုပါ ခန့်မှန်းလို့ရခဲ့တယ်။

ကော်ဇောကြီးပေါ်မှာတော့ မှန်စားပွဲရှည်အပုလေး ရှိနေတယ်။

"ထိုင်ကြပါ မိန်းကလေးတို့

ကျုပ် ဘာကူညီမှု ပေးရမလဲ"

အသံအား သိပ်ကောင်းတဲ့ အသံကြီးကြောင့် စားပွဲရှေ့

www.burmeseclassic.com

www.burmeseclassic.com



ကို စူးစိုက်ကြည့်လိုက်မိတယ်။

အနက်ရောင်ဝတ်စုံနဲ့ ထိုင်နေတဲ့ အသက်ခြောက်ဆယ်ကျော်အရွယ်ရှိ အဘိုးအို။

ရွှေဘုံစံဟာ မှိန်မှိန်လေးလင်းနေတဲ့ ခရမ်းရှောင်မီးအောက် မျက်လုံးအား စိုက်ကြည့်လိုက်တဲ့အခါ မုတ်ဆိတ် ပါးမြိုင်မွေးတွေနဲ့ အသားသိပ်ဖြူတဲ့ ဆရာကြီးဦးစိုင်းဇေကို တွေ့လိုက်ရတယ်။

သူ့ရဲ့မျက်လုံးတွေဟာ လူတစ်ယောက်ရဲ့စိတ်ကို ထွင်းဖောက်မြင်မတတ် စူးရဲလွန်းတယ်လို့ ခံစားလိုက်ရတယ်။

ဆရာကြီးရဲ့ရှေ့ရှိ မှန်စားပွဲပေါ်မှာတော့ ဖန်လုံးကြီးတစ်လုံးရယ်၊ လူ့ဦးခေါင်းအရိုးခွံတစ်ခုနဲ့၊ လက်ရိုးတစ်ချောင်း တင်ထားတာ သတိပြုမိတယ်။

နှစ်ယောက်သား ဆရာကြီးရဲ့ရှေ့ မျက်နှာချင်းဆိုင် စားပွဲရှေ့မှာ ကျုံ့ကျုံ့လေး ထိုင်လိုက်ကြတယ်။

ဝတ်ရည်က ဆရာကြီးကို အားကိုးတကြီးဟန်နဲ့ ...



"ဒီလိုပါ ဆရာကြီး ...

ကျွန်မရဲ့အမျိုးသားဟာ"

လို့ အစချီရင်း ၎င်းယောက်ျားရဲ့ကိစ္စကို ပြောပြလိုက်တယ်။

ဆရာကြီးစိုင်းဇေက တည်ငြိမ်စွာ တိတ်တဆိတ်နားထောင်နေတယ်။

ပြီးတဲ့အခါ ခေါင်းဆတ်ဆတ်ညိတ်ရင်း ...

"ဘာမှမပူနဲ့ မိန်းကလေး၊

ကျုပ်ကိုယုံလို့ ဉာဏ်ပူဇော်ခတင်ပြီး

ရောက်လာပြီးပြီပဲ၊

ဒီအတွက် ကျုပ်ဘက်ကနေ

အစီအရင်တွေ လိုအပ်တာအားလုံး

လုပ်ပေးမယ်၊

ကျုပ် လုံးဝကတိပေးတယ်၊

မိန်းကလေးရဲ့အမျိုးသားဟာ

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ရဲ့အစီအရင်တွေလုပ်ပြီး

သုံးရက်အတွင်း မိန်းကလေးရဲ့ရှေ့ကို

ပြန်ပြီး ဒူးထောက်လာစေရမယ်၊

ကျုပ်ကတိအတိုင်း သုံးရက်ပြည့်လို့

မိန်းကလေးရဲ့ယောကျ်ား

ဒူးမထောက်ခဲ့ရင် ကျုပ်ကို

တင်ထားတဲ့ ဥဏ်ပူဇော်ခရဲ့

ဆယ်ဆငွေဖြစ်တဲ့ ငွေဆယ်သိန်း

ကျုပ် ပြန်လျော်ပေးမယ်၊

ကျုပ်ရဲ့အစီအရင်က မိန်းကလေးအတွက်

မနက်ဖြန်စလုပ်မှာ ဖြစ်တဲ့အတွက်

သုံးရက်ကို မနက်ဖြန်က စမှတ်ရမယ်"

လို့ ပြောလိုက်တဲ့ ဆရာကြီးရဲ့ပြတ်သားတဲ့ စကားကြောင့် ဝတ်ရည် အံ့အားသင့်သွားသလို ရွှေဘုံစံပါ မျက်လုံးပြူးသွားတော့တယ်။

BURMESE CLASSIC .com



"ကျေး ... ကျေးဇူးတင်လိုက်တာ

ဆရာကြီးရယ်၊

ဆရာကြီးကို ဝတ်ရည်

ဦးချကန်တော့ပါရစေနော်၊

ကိုရန်နိုင်ကိုသာ ဝတ်ရည်ဆီ

ပြန်ရောက်အောင် ဆောင်ရွက်ပေးပါရှင်၊

ဆ ... ဆရာကြီးရဲ့ကျေးဇူးကို

ဘယ်တော့မှ မမေ့ပါဘူးရှင်"

ဝတ်ရည်က ဆရာကြီးစိုင်းဇေကို လက်အုပ်ချီပြီး ကန်တော့လိုက်တယ်။

"တစ်ခုတော့ရှိတယ် မိန်းကလေး၊

မင်းရဲ့ယောကျ်ား အိမ်ပြန်လာဖို့

ကိစ္စမှာ မင်းလုပ်ရမယ့်အပိုင်းလည်း

ရှိနေတယ်၊ ရော့ ...

ဒါကို လက်ခံလိုက်ပါ"

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးစိုင်းဇေက ဝတ်ရည်ကို လက်ညှိုးလောက်ရှိတဲ့ ဖန်ပုလင်းလေးတစ်ခု လှမ်းပေးတယ်။

ဝတ်ရည်က လက်နှစ်ဖက်နဲ့ လှမ်းယူလိုက်တယ်။

"ဒါကို ကျွန်မ ... ဘယ်လို အသုံးချရမလဲ
ဆရာကြီး"

"သေချာမှတ်ထားပါ၊
အခု အိမ်ကို ပြန်ရောက်သွားတာနဲ့
အဲဒီပုလင်းထဲက ပြာမှုန့်ကို
လက်သည်းခွံလောက်
ထမင်းမစားခင်အချိန်မှာ
ရေနဲ့သောက်ရမယ်၊ အဲဒါကို ...
မိန်းကလေးဟာ လေးရက်လုံး
သောက်ရလိမ့်မယ်"

ဆရာကြီးရဲ့စကားကို ဝတ်ရည်က ...

"စိတ်ချပါ ဆရာကြီး၊

BURMESE CLASSIC .com



ဆရာကြီး မိန့်ကြားတဲ့အတိုင်း
တစ်သဝေမတိမ်း လုပ်ပါ့မယ်ရှင်"
လို့ ကတိပြုလိုက်တော့တယ်။

ပြီးတဲ့အခါ ဝတ်ရည်က ဆရာကြီးကို နှုတ်ဆက်စကား ဆိုပြီး ပြန်ဖို့ပြင်လိုက်တယ်။

မတ်တတ်ထရပ်လိုက်ပြီး ကျောခိုင်းလိုက်တဲ့အခါမှာတော့ ...

"ခဏနေပါဦး"

ဆိုတဲ့ အသံကြောင့် ဝတ်ရည်နဲ့ ရွှေဘုံစံဟာ ခြေလှမ်းတုံ့သွားရင်း ဆရာကြီးစိုင်းဇေကို ဆတ်ခနဲ လှည့်ကြည့်မိတယ်။

ဆရာကြီးစိုင်းဇေက ရွှေဘုံစံကို လက်ညှိုးထိုးလိုက်တယ်။

"အခုတော့ ... မင်းဟာ
သူငယ်ချင်းအတွက် အဖော်လိုက်လာရတယ်၊
ဒါပေမဲ့ ... တစ်ချိန်မှာ

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးဟာ အဖော်မပါဘဲ

ကျုပ်ဆီ လုံးဝရောက်လာရတော့မယ်၊

အဲဒါ မှတ်ထားပါ”

□□□

“အောက်လမ်းဇာတ်လမ်းရဲ့ဇာတ်သိမ်းပိုင်းကို...

ရှေ့လတွင် ဆက်လက်ဖတ်ရှုပေးပါရန်”

မအိုစာ

BURMESE CLASSIC .com

www.burmeseclassic.com